ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တော်သလင်းလပြည့်၊ ဗုဒ္ဓဟူးနေ့၊ (26-9-2007) (၅၄၅၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာများ လျှောက်ထား

စက်တင်ဘာ ၂၅ ရက်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပေါ်နေသော ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အဖြစ်မှန်ကိုသိရှိနိုင်ရန် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်တွင် စာသင်သားသံဃာတော်အပါး ၁၂၀၀ ကျော် သီတင်းသုံးလျက်ရှိ ဆန္ဒပြသံဃာတော်များနှင့် နော်ဝေသတင်းဌာနတို့က ဆက်သွယ်၍ ဆန္ဒပြမှုတွင်ပါဝင်ရန် စည်းရုံးလှုံ့ဆော်ခဲ့ ဆရာတော်ကြီး၏ဩဝါဒနှင့် စည်းကမ်းအတိုင်း လိုက်နာကျင့်သုံးခြင်းတို့ကြောင့် ဆန္ဒပြမှုများတွင် ပါဝင်မှုမရှိ

နေပြည်တော် စက်တင်ဘာ ၂၅

ပဲခူးမြို့၌ စက်တင်ဘာ ၁၈ရက် နံနက် ၁၁နာရီ မိနစ် ၅၀ ခန့်တွင် ရွှေမော်ဓောစေတီ ဦးခန္တီတန်ဆောင်းမှ သံဃာအပါး ၁၀၀ခန့် စုစည်းပြီး မေတ္တသုတ်များရွတ်ဖတ်၍ ပဲခူး–သနပ်ပင်လမ်းအတိုင်း စီတန်းလှည့်လည်ခြင်း၊ စက်တင်ဘာ ၂၁ရက် မွန်းလွဲပိုင်းတွင် သံဃာအပါး ၁၄၀ ခန့်သည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပဲခူးမြို့ ရွှေမော်ဓောဘုရားမှ မြို့တွင်းသို့ စီတန်းလှည့်လည်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်တွင် စာသင်သား သံဃာတော်အပါး ၁၂၀၀ ကျော် သီတင်းသုံးလျက်ရှိရာ ဆန္ဒပြ သံဃာတော်များက စာသင်တိုက်သို့ အကြိမ်ကြိမ် လာရောက်ဆက်သွယ်မှုများ ရှိခဲ့ကြောင်း၊ ကြခတ်ဝိုင်းဆရာတော်ထံသို့လည်း နော်ဝေသတင်းဌာနမှ ဖုန်းဖြင့် (၂)ကြိမ် ဆက်သွယ်၍ ဆန္ဒပြမှုများတွင် ပါဝင်ရန် စည်းရုံးလှုံ့ဆော်မှုများ ရှိခဲ့ကြောင်း၊ သို့ရာတွင် ဆရာတော်က ထိုသို့ဆန္ဒပြ စီတန်းလှည့်လည်မှုမှာ သံဃာ့အလုပ်မဟုတ်ကြောင်း မိန့်ကြားပြီး ဖုန်းလက်ခံဖြေကြားခဲ့ခြင်း မရှိကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✽

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၆-၉-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့ကျန်းမာရေးမဏ္ဍိုင် ကြံ့ခိုင်စေရေး နိုင်ငံတစ်ဝန်း ဖြန့်ကြက်ဆောင်ရွက်ဖြည့်ဆည်း

ကျန်းမာရေးသည် လူတိုင်းအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ လူ့ဘဝတွင် လူတိုင်းအသက်ရှည်ပြီး ကျန်းမာကြံ့ခိုင်မှသာ အရာရာကို သယ်ပိုးဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူတစ်ရပ်လုံး အသက်ရှည်စွာ နေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းစေရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ပေးလျက်ရှိသည်။နယ်စပ်ဒေသ များ အပါအဝင် နိုင်ငံတစ်ဝန်း၌ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက် အအုံများစွာကို တိုးချဲ့တည်ဆောက်ပေးနေသည်။ ထို့အတူ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများကိုလည်း စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လိုအပ်ချက်များကို အချိန်နှင့် တစ်ပြေးညီ စီမံဖြည့်ဆည်းပေးနေမှုကြောင့် အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်မှ ဖယ်ရှားနိုင်ခဲ့သည်။ ကြက်ငှက် တုပ်ကွေးရောဂါ မကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းလျက်ရှိ သည်။ အိုင်အိုဒင်းချို့တဲ့မှုကင်းစင်ကြောင်း ကြေညာနိုင်သည့် အခြေ အနေသို့ ရောက်ရှိနေပြီဖြစ်သည်။

ထို့အပြင် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားစသည့် အဓိက ရောဂါကြီးများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများ ပပျောက် ရေး၊ ဆေးစွဲနေသူများ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များကိုလည်း မျက်ခြည်မပြတ် ဖော်ဆောင်ပေးနေသည်။

ယနေ့အချိန်အခါတွင် တစ်နိုင်ငံလုံး၌ ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေး ဌာနများကို တိုးချဲ့ဖွင့်လှစ်ထားပြီး အထူးကု ဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများ လည်းတိုးတက်များပြားလာလျက်ရှိရာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက် မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဖြည့်ဆည်းပေးနိုင်လျက် ရှိသည်။

ပြည်သူ့ကျန်းမာရေးအတွက် ရောဂါကာကွယ်ရေး၊ ရောဂါရှာဖွေ ရေးနှင့် ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးနေမှု နှင့်အတူ ပြည်သူ့ကျန်းမာရေးမဏ္ဍိုင် ပိုမိုကြံ့ခိုင်မြင့်မားပြီး ပြည်သူများ၏ မျှော်မှန်းနိုင်သော သက်တမ်း သိသိသာသာ မြင့်မားတိုးတက်လာမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ စမ်းချောင်း မြို့နယ် ပြည်လမ်းနေ ဒေါ်အုံးကြည် မိသားစုက အလှူငွေကျပ် သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူ လမ်းရှိမြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) (သဒ္ဓမ္မဇောတိကဓဇ) ရှေ့ မှောက်၌ တာဝန်ခံ ဦးပေါက်စထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှမ်းပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

ပြည်တွင်းအခွန်များဦးစီးဌာန ရှမ်းပြည်နယ် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ ကျားခေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်ခရိုင်များမှ ခရိုင်၊ မြို့နယ် အခွန်ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ် အခွန် ဦးစီးဌာနမှူး ဦးတင်ထွန်းနိုင်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် ဩဂုတ်လအထိ အခွန်အရပ်ရပ် ကောက်ခံရရှိရေးနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်း တင်ပြရာ တိုင်းမှူးက တင်ပြချက်များ အပေါ် အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်၊ အခွန်အရပ်ရပ် လျာထားချက် ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေတို့ကို ခရိုင်ဦးစီး ဌာနမှူးများနှင့် မြို့နယ် အခွန်ဦးစီးဌာန မှူးများက အသီးသီးရှင်းလင်းတင်ပြခဲ့ ကြပြီးပြည်နယ်ဦးစီးမှူးကဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း

အစည်းအဝေးတွင် ဝန်ကြီး၊ ဒုတိယ ဝန်ကြီးတို့၏ လုပ်ငန်းဆိုင်ရာမှာကြား ချက်များ၊ ဆက်လက်လုပ်ဆောင်ရမည့် တာဝန်များနှင့်ပတ်သက်ပြီး ရှင်းလင်း ဆွေးနွေး၍ အစည်းအဝေးအား ညနေ ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် အာဟာရပြည့်ဝမျှတသော အစား အစာချက်ပြုတ်ပြိုင်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်း ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း မိခင် နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းကျန်းမာရေး ဦးစီး ဌာနမှူး ဒေါက်တာ ခင်မောင်ထွန်း၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ ပြိုင်ပွဲဝင်အဖွဲ့ ၁၁ ဖွဲ့ တို့ တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးတိုင်း မိခင် နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

စတင်ဖွင့်လှစ်

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင် အဖွဲ့ ၁၁ ဖွဲ့တို့မှ ပြိုင်ပွဲဝင်ရန် ပြင်ဆင် ထားရှိမှုများကို လှည့်လည်ကြည့်ရှု၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးရာ ပြိုင်ပွဲ ဝင်အဖွဲ့ဝင်များက အာဟာရပြည့်ဝ မျှတသော အစားအစာများကို ချက်ပြုတ်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ သည် ပြိုင်ပွဲဝင်အဖွဲ့များ၏ ချက်ပြုတ် ပြီး ထမင်းနှင့် ဟင်းလျာများကို လှည့်လည်ကြည့်ရှု၍ အကဲဖြတ် အမှတ် ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ပြိုင်ပွဲတွင် အကဲဖြတ်ကြီးကြပ် အမှတ်ပေးကြသော ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုလက် ဆောင်များကို လည်းကောင်း၊ တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အဖွဲ့များအား အမှတ်တရ ပစ္စည်းများကိုလည်းကောင်း ပေးအပ် ကြပြီး ဒုတိယတိုင်းကျန်းမာရေး ဦးစီး ဌာနမှူး ဒေါက်တာ ယဉ်သန္တာလွင်က ချက်ပြုတ်ထားသော ဟင်းလျာများ အပေါ် ကယ်လိုရီပါဝင်မှုများကို ရှင်း လင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဗုဒ္ဓဒေသနာ သုံးဘာသာသင်တန်း ပို့ချမည်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာ နည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် တွင် Course on Buddha Desana Intermediate Course (Abhidhamma) (ရေး၊ဖတ်၊ပြော) မြန်မာ-ပါဠိ - အင်္ဂလိပ်တွဲ၍ ဓမ္မဒါနအဖြစ် ဒေါက်တာ တင်သိန်းလွင် (ဗိုလ်မှူး ကြီး-ငြိမ်း) သဒ္ဓမ္မဇောတိကဓဇက စက်တင်ဘာ ၂၉ ရက် (စနေနေ့)တွင် စတင်၍ အပတ်စဉ် စနေ၊တနင်္ဂနွေနေ့ များ၌ နံနက်၉နာရီမှ နံနက်၁၀နာရီအထိ ပို့ချသင်ကြားမည်ဖြစ်သဖြင့် အဘိဓမ္မာ နှင့် အင်္ဂလိပ်စာနားလည်သူတိုင်း တက် ရောက်နိုင်ကြောင်းနှင့် သိရှိလိုသည်များ ကို ဖုန်း-၃၇၀၉၅၈သို့ ဆက်သွယ်နိုင် ကြောင်း သိရသည်။

(က-ပ)

သံဃာတော်များအား ဆရာတော်ကြီးက မြတ်ဗုဒ္ဓ၏ဝိနည်းသိက္ခာပုဒ်တော်အရ ကိုယ့်ကျောင်းတွင်သာ ရဟန်းသံဃာလိုနေရန် မဆီမဆိုင်အပြင်ထွက်၍ ဆန္ဒပြစီတန်းလှည့်လည်မှုတွင် ပါဝင်လျှင်ဥပဒေအရ အရေးယူခံရမည်ဟု ဩဝါဒပေးထား ဆန္ဒပြသံဃာများနှင့် လူများ ကြခတ်ဝိုင်းကျောင်းတိုက်သို့ ရောက်ရှိလာသော်လည်း ကျောင်းတိုက်တံခါးများပိတ်ထားသဖြင့် စည်းရုံးခေါ်ထုတ်၍မရခဲ့

❁ ရှေ့ဖုံးမှ

ကျောင်းတိုက်ရှိ သံဃာတော်များအားလည်း ဆရာတော်ကြီးက မြတ်ဗုဒ္ဓ၏ ဝိနည်းသိက္ခာပုဒ်တော်အရ ကိုယ့်ကျောင်းတွင်သာ ရဟန်းသံဃာလိုနေရန်၊ မဆီမဆိုင် အပြင်ထွက်၍ ဆန္ဒပြစီတန်းလှည့်လည်မှုတွင် ပါဝင်လျှင် ဥပဒေအရ အရေးယူခံရမည်ဟူ၍ ဩဝါဒပေးထားခဲ့ကြောင်း သိရှိရသည်။

စက်တင်ဘာ ၂၄ရက် နံနက် ၁၁နာရီ ၄၅မိနစ်ခန့်တွင် သံဃာအပါး ၃၅၀ခန့်သည် ရွှေမော်ဓောဘုရားမှ ပဲခူးမြို့တွင်းသို့ စီတန်းလှည့်လည်ခဲ့ရာ လူအချို့လိုက်ပါခဲ့ပြီး ထိုအဖွဲ့ကို ပဲခူးမြို့နယ် NLD ပါတီဝင်များက ဦးဆောင်ခဲ့ကြောင်း၊ လမ်းပြကြယ်ဆိုသည့်အဖွဲ့မှ ဦးအေးမြင့်သည် သံဃာများ၏ရှေ့မှ ဆိုင်ကယ်ဖြင့် လိုက်ပါပြီး "ဗုဒ္ဓဘာသာမှန်ရင် စည်းကမ်းရှိပါ၊ လက်ခုပ်တီးပါ၊ သံဃာတော်များကို အားပေးပါ"ဟု မသင့်မလျော် အော်ဟစ်ခဲ့ကြောင်း၊ အဆိုပါ ဆန္ဒပြသံဃာများနှင့် လူများသည် မွန်းလွဲ ၂နာရီခန့်တွင် ကြခတ်ဝိုင်းကျောင်းတိုက်သို့ ရောက်ရှိလာသော်လည်း ကျောင်းတိုက်တံခါးများ ပိတ်ထားသဖြင့် ၎င်းတို့ဆန္ဒပြအဖွဲ့နှင့် အတူလိုက်ပါရန် စည်းရုံးခေါ်ထုတ်၍ မရခဲ့ကြောင်း၊ ယင်းအဖွဲ့သည် ကျောင်းတိုက်အား လှည့်လည်၍ ထပ်မံစည်းရုံးလှုံ့ဆော်ခဲ့သော်လည်း ကျောင်းတိုက်အတွင်းမှ ထူးခြားသည့်တုံ့ပြန်မှုမရှိသောအခါ အဆိုပါအဖွဲ့တွင် ပါရှိလာသည့် NLD ပါတီဝင်များက "ဒီအချိန်ဟာ အိပ်ချိန်မဟုတ်ဘူး၊ ထဘီထုပ်ပစ်ထည့်လိုက်ပြီး ဆရာလေးလို့အခေါ်ခံမလား၊ ကြောက်လို့ပုန်းနေတာလား၊ ဘာရာစီယာဝတ်မလား" စသည့်ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုအော်ဟစ်ကာ ရေသန့်ဘူးများဖြင့် သံဃာ့ ကျောင်းဆောင်များကို ပစ်ပေါက်ခဲ့ကြကြောင်း၊ ကြခတ်ဝိုင်းဆရာတော်ကြီးဦးစီးသည့် စာသင်သား သံဃာတော်အပါး ၁၂၀၀ကျော်တို့သည် ကျောင်းတိုက် အတွင်း စည်းကမ်းကျနစွာ ပရိယတ္တိစာပေများသင်ယူလျက်ရှိရာ ဆန္ဒပြအဖွဲ့အနေ ဖြင့် ကျောင်းတိုက်အတွင်း၌ သံဃာတော်များအား မတွေ့ရသောအခါ ဆူပူအော်ဟစ်၍ ကျောင်းဆောင်များကို ရေသန့်ဘူးများဖြင့် အကြိမ်ကြိမ် ပစ်ပေါက်ပြီး ကျောက်ကြီးစုလမ်းမှတစ်ဆင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း။

ဆန္ဒပြသံဃာများနှင့် NLD ပါတီဝင်များ၏ ရေသန့်ဘူးများဖြင့် ပစ်ပေါက်မှုကြောင့် ကြခတ်ဝိုင်းကျောင်းတိုက်ရှိ ဒက္ခိဏဆောင်၊ ဥတ္တရဆောင်၊ ခေမိကာရုံဆောင်နှင့် ခဂ္ဂဆောင်တို့ရှိ ပြတင်းပေါက် တရုတ်ကတ် မှန် ၁၂ကန့် ပျက်စီးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကြခတ်ဝိုင်းဆရာတော်ကြီးက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးထံ ဆန္ဒပြသံဃာများနှင့် လူပုဂ္ဂိုလ်များအား အရေးယူပေးပါရန် တိုင်ကြားစာ ပေးပို့ခဲ့ကြောင်း၊ ဆရာတော်ကြီး၏တိုင်ကြားစာတွင် "ငွေတစ်မတ်၊ တစ်မတ်ထက်ထိုက်တန်သောပစ္စည်းကို ခိုးယူ၊ လုယက်ဖျက်ဆီးလျှင် ပါရာဇိကကျပြီး ရဟန်းမဖြစ်၊ ရဟန်းအစစ်မဟုတ်တော့ဘဲ လူ့ဘဝ၊ လူအဖြစ်သို့ ရောက်ရှိသွားပြီဖြစ်ပါသည်။ အဖွဲ့ဝင်တစ်ဦးမှ ဖျက်ဆီးလျှင် တစ်ဖွဲ့လုံး ပါရာဇိကကျကြောင်း"ဟူ၍ ပါရှိခဲ့ကြောင်းသိရသည်။

ကြခတ်ဝိုင်းဆရာတော်ကြီးသည် ကျောင်းတိုက်ရှိ သံဃာတော်အပါး ၁၂၀၀ ကျော်တို့အား စနစ်တကျကြပ်မတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ကျောင်းတိုက်ရှိ တိုက်အုပ်၊ တိုက်ကြပ်၊ စာချဆရာတော်များ အနေဖြင့်လည်း ဆရာတော်ကြီး၏ ဩဝါဒအတိုင်း သံဃာ့လက်ကိုင်အင်္ဂါ(၅)ရပ်နှင့် အုပ်ချုပ်မှုသင်္ကေတဥပဒေ(၈)ချက်တို့ကို လိုက်နာကျင့်သုံးခြင်း၊ အမြဲလိုက်နာပြုကျင့်ရမည့် စည်းကမ်းသတ်မှတ်ပေးထားသည့်အတိုင်း လိုက်နာကျင့်သုံးခြင်းတို့ကြောင့် ယခုကဲ့သို့ ဆူပူဆန္ဒပြမှုများတွင် ပါဝင်မှုမရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြခတ်ဝိုင်းကျောင်းတိုက်ရှိ ဒက္ခိဏဆောင်နှင့် ဥတ္တရဆောင်တို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

ခေမိကာရုံကျောင်းဆောင် အပေါ်ထပ်ရှိ ရေသန့်ဘူးဖြင့် ပစ်ပေါက်ခံရသဖြင့် ပျက်စီးသွားသော ပြတင်းပေါက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဥတ္တရဆောင် အပေါ်ထပ်ရှိ ရေသန့်ဘူးဖြင့် ပစ်ပေါက်ခံရသဖြင့် ပျက်စီးသွားသော ပြတင်းပေါက်တံခါးကို တွေ့ရစဉ်။ (သတင်းစဉ်)



ဒက္ခိဏဆောင် အပေါ်ထပ်ရှိ ရေသန့်ဘူးဖြင့် ပစ်ပေါက်ခံရသဖြင့် မှန်ကွဲသွားသော ပြတင်းပေါက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတကာ သတင်းများ

ရုရှားနိုင်ငံ ပင်လယ်နက်ဒေသ ဆိုချီအပန်းဖြေစခန်းတွင် တည်ဆောက်မည့် ကျွန်းပုံစံကို ကွန်ပျူတာနည်းပညာ သုံး၍ ပြသထားသည်ကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စစ်မှုမထမ်းမနေရ ကာလသက်တမ်း တောင်ကိုရီးယားတွင် လျှော့ချပေးမည်

ဆိုးလ် စက်တင်ဘာ ၂၄

တောင်ကိုရီးယားနိုင်ငံတွင် စစ်မှုမထမ်းမနေရ ဥပဒေသစ်အရ လူငယ်များ စစ်မှုထမ်းဆောင်ရမည့်ကာလ သက်တမ်းကို လျှော့ချပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေး ဝန်ကြီးဌာနက စက်တင်ဘာ ၂၄ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယား အစိုးရအဖွဲ့သည် စစ်မှုမထမ်းမနေရ ဥပဒေအရ လူငယ်များ စစ်မှုထမ်းသည့်ကာလကို လျှော့ချပေးရန် ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုပြုချက်ကို ထောက်ခံထားကြောင်း၊ သမ္မတနိုမူဟွန်းကအတည်ပြုလက်မှတ်ရေးထိုးရန်သာရှိတော့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တောင်ကိုရီးယား ကြည်းတပ်နှင့် မရိန်းတပ်ဖွဲ့တို့တွင် လူငယ်များစစ်မှုထမ်းရွက်ရမည့်ကာလကို လက်ရှိ ၂၄လ မှ ၁၈ လအထိ လျှော့ချပေးမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ရေတပ်တွင်တာဝန်ထမ်းရွက်ရမည့် လူငယ်များသည် လက်ရှိ၂၆လ မှ လ ၂၀အထိ စစ်မှုထမ်းရွက်ရမည့် ကာလကိုလျှော့ချပေးမည်ဖြစ်ကြောင်း၊လေတပ်တွင်လည်း ၂၄လမှ ၁၈လအထိ ကာလသက်တမ်း လျှော့ချပေးမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် အရွယ်ရောက်ပြီးသူ လူငယ်များ စစ်မှုမထမ်းမနေရ ဥပဒေအရကာလအပိုင်းအခြားတစ်ရပ်အထိ စစ်မှုထမ်းရန် လိုအပ်သည်။ သို့ရာတွင် လူငယ်အမျိုးသားအချို့မှာ ယင်းဥပဒေကို ချိုးဖောက်မှုများရှိနေသည်။ ဥပဒေသစ်အရ မိမိ၏ ဘာသာရေး ယုံကြည်ချက်အရ စစ်မှုထမ်းဆောင်ရန် ပျက်ကွက်ပါက ကာကွယ်ရေးဝန်ကြီးဌာနထံ တင်ပြလျှောက်ထားနိုင်သည်။ ၎င်းတို့သည် စစ်မှုထမ်းဆောင်ခွင့် လွတ်ငြိမ်းခွင့်ရရှိမည်ဖြစ်သော်လည်း ရပ်ရွာအကျိုးပြုလူမှုရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ ***အင်တာနက်။***

အာကာသယာဉ် လွှတ်တင်ရေးစခန်းသစ် ဟိုင်နန်ပြည်နယ်တွင် တည်ဆောက်မည်

ပေကျင်း စက်တင်ဘာ ၂၄

တရုတ်နိုင်ငံတောင်ဘက်စွန်းရှိဟိုင်နန်ပြည်နယ် ဝမ်ချိုင်းမြို့တွင် အာကာသယာဉ်လွှတ်တင်ရေး စခန်းသစ် တည်ဆောက်ရန် စီစဉ်ထားကြောင်း တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

အာကာသယာဉ်လွှတ်တင်ရေးစခန်းသစ်သည် မျိုးဆက်သစ် ဒုံးပျံယာဉ်များ လွှတ်တင်ရာတွင် အထောက်အကူပေးမည်ဖြစ်ကြောင်းတာဝန်ရှိသူကပြောကြားသည်။

ဂြိုဟ်တုများ၊ အာကာသစခန်းယာဉ်ဆိုင်ရာ ပစ္စည်းများနှင့် အာကာသလေ့လာရေး ဂြိုဟ်တုများ လွှတ်တင်ရာတွင် ယင်းစခန်းသစ်ကို အသုံးပြုမည်ဖြစ်ကြောင်း၊ စခန်းသစ် တည်ဆောက်ရန် နိုင်ငံတော်ကောင်စီနှင့်ဗဟိုစစ်ဘက်ကော်မရှင်တို့က အတည်ပြုပေးထားပြီဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

တရုတ်နိုင်ငံသည် အာကာသကို ငြိမ်းချမ်းသော ရည်ရွယ်ချက်များဖြင့် အသုံးပြုနိုင်ရန် အာကာသစူးစမ်းမှုများကို တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း နိုင်ငံတော် အာကာသ အစီအစဉ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ပေကျင်းမြို့ အနုပညာပြပွဲတွင် ပြသထားသော အနုပညာလက်ရာတစ်ခုကို စက်တင်ဘာ ၂၃ ရက်က တွေ့မြင်ရစဉ်။ *ဓာတ်ပုံ-အင်တာနက်။*

ဆန်တန်ချိန် ၅၀၀၀၀ ဘင်္ဂလားဒေ့ရှ် ပိုမိုတင်သွင်းမည်

ဒါကာ စက်တင်ဘာ ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မကြာသေးမီက ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီးနောက်ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆန်တန်ချိန် ၅၀၀၀၀ကို ပြည်ပမှ ပိုမိုတင်သွင်းမည်ဖြစ်ကြောင်း စားနပ်ရိက္ခာနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ဝန်ကြီးဌာနက တနင်္လာနေ့တွင်ပြောကြားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံတကာဈေးကွက်မှ ဆန်ကိုဝယ်ယူတင်သွင်းရန် စီစဉ်ထားကြောင်း၊ ယခုနှစ် တစ်နှစ်လုံးအတွက် ဆန်တန်ချိန် ၄၀၀၀၀၀ အထိ ဝယ်ယူရန်လျာထားကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။

မကြာသေးမီက ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာတွင် စပါးစိုက်ခင်းများ အများအပြား ပျက်စီးခဲ့ရသည်။ ရေလွှမ်းမိုးမှုပြဿနာကြောင့် ယခုနှစ်တွင် စားနပ်ရိက္ခာ ထုတ်လုပ်မှုထိခိုက်နိုင်ကြောင်း၊ သို့ဖြစ်၍ ပြည်ပမှ ဆန်ဝယ်ယူတင်သွင်းရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဆန်တန်ချိန် ၅၀၀၀၀ ကို အိန္ဒိယမှဝယ်ယူတင်သွင်းရန် ပုဂ္ဂလိကကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးကို ခန့်အပ်ထားကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရန်ကို အရေးယူဒဏ်ခတ်ရေး ပြင်သစ်၏ အဆိုပြုချက် ဂျာမနီကန့်ကွက်

ဘာလင် စက်တင်ဘာ ၂၄

ကမ္ဘာ့အင်အားကြီး နိုင်ငံများက အီရန်နိုင်ငံအပေါ် အရေးယူဒဏ်ခတ်မည့် အစီအစဉ်များကို လာမည့် ရက်သတ္တပတ်အတွင်း နောက်ထပ်ချမှတ်ရန် သဘောတူညီမှု မရှိခဲ့ပါက ဥရောပသမဂ္ဂက အီရန်အပေါ် နောက်ထပ် အရေးယူမှုများ ချမှတ်ရန် ပြင်သစ်၏ အဆိုပြုချက်ကို ဂျာမနီက ကန့်ကွက်ကြောင်း ဂျာမန်ဒါစပီဂယ်မဂ္ဂဇင်းက စနေနေ့တွင် ရေးသားလိုက်သည်။

ကုလသမဂ္ဂက အီရန်နိုင်ငံအပေါ် အရေးယူမှုအသစ်များချမှတ်သင့်၊ မသင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက ယခုရက်သတ္တပတ်တွင် အချေအတင် ဆွေးနွေးမှုများပြုလုပ်ရန် ဂျာမန်နိုင်ငံခြားရေး ဝန်ကြီးဖရင့်-ဝေါတာစတိန်းမီးယားက ပြင်ဆင်လျက်ရှိသည်။ လုံခြုံရေးကောင်စီက အရေးယူမှု အစီအစဉ် အသစ်များ ချမှတ်ရေးအတွက် သဘောတူညီရန် ပျက်ကွက်ခဲ့ပါက ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက အီရန်အပေါ် သီးခြားအရေးယူမှု ပြုလုပ်ရန် ပြင်သစ်သမ္မတ ဆာကိုဇီက လိုလားနေသည်ဟု အထက်ပါမဂ္ဂဇင်းက ရေးသားသည်။

ယူရေနီယံသန့်စင်ရေး အစီအစဉ်ကို ရပ်ဆိုင်းရေးအတွက် အီရန်အစိုးရက ငြင်းဆန်မှုအပေါ် သံတမန်နည်းဖြင့် အရေးယူရန် အမေရိကန်၊ ဂျာမနီ၊ ပြင်သစ်နှင့် ဗြိတိန်တို့က တွန်းအားပေးလျက်ရှိသည်။ ယင်းနိုင်ငံများက ကုလသမဂ္ဂ၏ အရေးယူရေး ဆုံးဖြတ်ချက်အပေါ် ရုရှားနှင့် တရုတ်အစိုးရတို့က ထောက်ခံလာစေရန် ဖျောင်းဖျခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ကျူးဘားနိုင်ငံသမ္မတ ဖီဒယ်ကက်စထရိုနှင့် အင်ဂိုလာနိုင်ငံသမ္မတ ဟိုဆေးအီဒွါဒိုဒေါ့စ် စန်တော့စ်တို့ကို ဟာဗားနားမြို့၌ စက်တင်ဘာ ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆိုက်ပရပ်စ်အရေးဖြေရှင်းရန် တူရကီတိုက်တွန်း

နီကိုးရှား စက်တင်ဘာ ၂၄

ကာလကြာရှည်နေပြီဖြစ်သည့် ဆိုက်ပရပ်စ်အရေးကို ဖြေရှင်းရန်နှင့် မြေထဲပင်လယ် အရှေ့ဘက်ဒေသကို ငြိမ်းချမ်းသည့်ဒေသအဖြစ် ပြောင်းလဲရန် တူရကီသမ္မတ အဒူလာဂါးလ်က စက်တင်ဘာ ၂၃ ရက်တွင် တိုက်တွန်းလိုက်သည်။

ပြီးခဲ့သည့်လက ရွေးချယ်ခံခဲ့ရသည့် တူရကီသမ္မတဂါးလ်သည် ၎င်း၏ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ဆိုက်ပရပ်စ်နိုင်ငံမြောက်ပိုင်းသို့ သွားရောက်ခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ဖြန့်ကြက်ရန် ပိုလန်အစိုးရ မဆုံးဖြတ်ရသေး

ဝါဆော စက်တင်ဘာ ၂၄

ပိုလန်နိုင်ငံမြောက်ပိုင်း၌ အမေရိကန် ဒုံးခွင်းဒုံးဒိုင်းကာကွယ်ရေးစနစ်ဖြန့်ကြက်ရန် ဆုံးဖြတ်ချက် မချမှတ်ရသေးကြောင်း ပိုလန်ဝန်ကြီးချုပ် ဂျာရော့စလောကာဇင်စကီးက သောကြာနေ့တွင် ပြောကြားသည်။

ပိုလန်နိုင်ငံမြောက်ပိုင်းဒေသရှိ ရက်ဇီကိုဝိုကျေးရွာတွင် အဆိုပါ ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ဖြန့်ကြက်ရေးကိစ္စကို ဆွေးနွေးနေပြီဖြစ်ပြီး မကြာမီ ဆုံးဖြတ်ချက်ထွက်ပေါ်လာမည်ဖြစ်သည်ဟု ပိုလန်ဝန်ကြီးချုပ်က ပြည်ထဲရေးဝန်ကြီး စတာစီယက်နှင့်အတူ ပိုမော်စကီးဒေသသို့ သွားရောက်စစ်ဆေးရာတွင် ပြောကြားသည်။ အမေရိကန်က အရှေ့ဥရောပဒေသတွင် ဒုံးခွင်းဒုံးကာကွယ်ရေးစနစ် ဖြန့်ကြက်ထားရှိလိုပြီး ချက်သမ္မတနိုင်ငံတွင် ရေဒါစနစ်နှင့် ပိုလန်နိုင်ငံတွင် ဒုံးကျည်ကြားဖြတ်စခန်း ဖြန့်ကြက်ရန် လိုလားနေသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိုဇုန်းဓာတ်ငွေ့လွှာ ပျက်စီးစေသည့်အရာများ ဖယ်ရှားရန် နိုင်ငံပေါင်း ၂၀၀ နီးပါးမှ ကိုယ်စားလှယ်များသဘောတူ

အော့တဝါ စက်တင်ဘာ ၂၄

ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ နီးပါးမှ ကိုယ်စားလှယ်များသည် အိုဇုန်းဓာတ်ငွေ့လွှာ ပျက်စီးစေသည့် အရာများကို ဖယ်ရှားရာတွင် မူလက စီစဉ်ထားသည်ထက် ပိုမိုလျင်မြန်စွာ ဖယ်ရှားကြရန်

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသည့် ဖက်ရှင်ပြပွဲတွင် ပါဝင်သရုပ်ပြကြသော မော်ဒယ်များကို စင်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သဘောကြာနေ့က သဘောတူညီခဲ့ကြကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ မွန်ထရီယယ်သဘောတူညီမှုနှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့၌ ကျင်းပသည့် ညီလာခံတစ်ရပ်တွင် သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။ မွန်ထရီယယ်သဘောတူညီမှု၏ ရည်ရွယ်ချက်မှာ အိုဇုန်းဓာတ်ငွေ့လွှာကို အန္တရာယ်ပေးမည့် ဓာတုပစ္စည်းများ လျှော့ချရန်ဖြစ်သည်။ အိုဇုန်းဓာတ်ငွေ့လွှာသည် ကမ္ဘာ့မျက်နှာပြင်ပေါ်သို့ ခရမ်းလွန်ရောင်ခြည် မကျရောက်နိုင်စေရန် ကာကွယ်ပေးထားသည်။

တိုက်တွန်း

ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် ထုတ်လွှတ်မှုနှင့် အသုံးပြုမှုရပ်ဆိုင်းရေး နောက်ဆုံးသတ်မှတ်ကာလကို ၂၀၃၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်သို့လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် ထုတ်လွှတ်မှုနှင့် အသုံးပြုမှုရပ်ဆိုင်းရေး နောက်ဆုံးသတ်မှတ်ကာလကို ၂၀၄၀ ပြည့်နှစ်မှ ၂၀၃၀ ပြည့်နှစ်သို့လည်းကောင်း အသီးသီး ပြင်ဆင်သတ်မှတ်ရန် အမေရိကန်နိုင်ငံက ကိုယ်စားလှယ်များအား တိုက်တွန်းခဲ့သည်။

ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် ရပ်ဆိုင်းရေးအတွက် အရှိန်မြှင့်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း၊ ယင်းသဘောတူညီမှုကို ညီလာခံ၏ မျက်နှာစုံညီအစည်းအဝေးက အတည်ပြုရဦးမည်ဖြစ်ကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် ပြောရေးဆိုခွင့်ရှိသူ နစ်နတ်တောလ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ တောမီးလောင်ကျွမ်း

ဒမတ်စကတ် စက်တင်ဘာ ၂၄

ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ လောင်ကျွမ်းနေသော တောမီးကိုငြိမ်းသတ်စဉ် မီးသတ်သမား လေးဦးသေဆုံးသွားကြောင်း အာဏာပိုင်များက စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။ ထိုတောမီးသည် အဓိကအဝေးပြေးလမ်းမကြီးရှိရာဘက်သို့လည်းကောင်း၊ ကုန်သွယ်ရေးမြို့ အလီပိုနှင့် ဆိပ်ကမ်းမြို့ လာတာကီရာ ရှိရာဘက်သို့လည်းကောင်း ပျံ့နှံ့လောင်ကျွမ်းခဲ့သည်။ ယင်းတောမီးကိုငြိမ်းသတ်ရာ၌ အိမ်နီးချင်း တူရကီနိုင်ငံမှ လေယာဉ်များလည်း ပူးပေါင်းပါဝင်ခဲ့ကြသည်။ မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ ကျေးရွာအများအပြားမှ ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည့်အပြင် လမ်းအများအပြားလည်းပိတ်ထားရကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ။**

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ရုရှားဗုံးကြဲလေယာဉ်နှစ်စင်း အိုက်စလန်အနီး ပျံသန်းခဲ့

စတော့ဟုမ်း စက်တင်ဘာ ၂၄

ရုရှားတူပိုလက်-၉၅ အမည်ရှိ ဗုံးကြဲတိုက်လေယာဉ်နှစ်စင်းသည် အိုက်စလန်နိုင်ငံ၏ မြောက်ပိုင်းရှိ အိုက်စလန်လေကြောင်း လေ့လာရေးဇုန်ဒေသသို့ ကြာသပတေးနေ့ နံနက်ပိုင်းက ဝင်ရောက်လာခဲ့ကြောင်း ရေကျာဗစ်ဒေသမှ ရောက်ရှိလာသော သတင်းများအရ သိရှိရသည်။

ဗြိတိသျှ စစ်လေယာဉ်များက ဗုံးကြဲလေယာဉ်များနောက်သို့ လိုက်သွားခဲ့သည်ဟု သိရသည်။

ရုရှားဗုံးကြဲလေယာဉ်များသည် အိုက်စလန်ဒေသအပေါ် ပျံဝဲပြီး ကမ်းလွန်ဒေသမှ ရေကြောင်း ၄၃ မိုင် အကွာအထိ ပျံသန်းသွားခဲ့ကြသော်လည်း အိုက်စလန်နိုင်ငံ၏ လေကြောင်းပိုင်နက်အတွင်းသို့ ဝင်ရောက်ခြင်း မရှိဟု သတင်းစာက ရေးသားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ချက်အရက်သောက်သုံးမိ၍ ပါကစ္စတန်တွင် ၄၁ ဦး သေဆုံးရ

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၄

ပါကစ္စတန်နိုင်ငံတောင်ပိုင်းဒေသတွင် လူအချို့သည် အဆိပ်အတောက်ပါဝင်သော မသန့်ရှင်းသည့် ချက်အရက်များကို သောက်သုံးမိသဖြင့် နှစ်ရက်အတွင်း ၄၁ ဦး သေဆုံးခဲ့ရကြောင်း စက်တင်ဘာ ၂၂ ရက်က ထွက်ပေါ်လာသည့် ရဲတပ်ဖွဲ့သတင်းများက ဖော်ပြသည်။

ထို့အပြင် ယင်းအရက်ကိုသောက်သုံးမိသူ ၂၇ဦးမှာလည်း ဆေးရုံအများအပြား၌ တင်ထားရဆဲဖြစ်ပြီး ၎င်းတို့၏ အခြေအနေများမှာ စိုးရိမ်ရကြောင်း အထက်တန်းရဲအရာရှိ ဂျော့ဗ်ဘူခါရီ၏ ပြောကြားချက်ကို ကိုးကား၍ ဂျီအိုသတင်းဌာနကထုတ်လွှင့်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဆွစ်ဇာလန်နိုင်ငံ ချာဖီစတိန်းတောင်တန်းပေါ်တွင် ပျံသန်းနေသော မီးပုံးပျံတစ်လုံးကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ *အင်တာနက်။*

အမေရိကန် သံချပ်ကာယာဉ် တိုက်ခိုက်ခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့သည် သံချပ်ကာကို ဖောက်ထွင်းနိုင်သည့် ခေတ်မီဗုံးလက်နက်ဖြင့် တိုက်ခိုက်ခံရသည့်အတွက် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း၌ စစ်ရေးလှုပ်ရှားနေစဉ် အီးအက်ဖ်ပီခေါ် သံချပ်ကာဖောက်ဗုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထိုဗုံးအမျိုးအစားများမှာ ဒုတိယကမ္ဘာစစ် ကာလကတည်းက စတင်သုံးစွဲခဲ့သော ဗုံးအမျိုးအစားဖြစ်ကြောင်း သိရသည်။

ထိုလက်နက်များကို အီရန်က ထောက်ပံ့ပေးနေခြင်းဖြစ်သည်ဟု အမေရိကန်က စွပ်စွဲထားသော်လည်း မဟုတ်မမှန်ကြောင်း အီရန်က ငြင်းဆိုထားသည်။ ယခုနောက်ဆုံးသေဆုံးရသည့် တပ်ဖွဲ့ဝင်နှင့်ပါဆိုပါက အီရတ်၌သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၇၉၈ဦး ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဇမ်ဘီယာ၌ မိကျောင်းကောင်ရေ တိုးပွား

မာဇာဘူကာ (ဇမ်ဘီယာ) စက်တင်ဘာ ၂၄

ဇမ်ဘီယာတောင်ပိုင်းပြည်နယ် မာဇာဘူကာ ဒေသရှိ ချီကိုလို ချောင်းတွင်း၌ မိချောင်းကောင်ရေမှာ တိုးပွားလာပြီး ဒေသနေပြည်သူလူထုနှင့် ကျွဲနွားတိရစ္ဆာန်များ၏ အသက်ကို အန္တရာယ်ပြုလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးငယ်များနှင့် မိဘများသည် ထိုချောင်းကို ဖြတ်ကျော်သွားရသဖြင့် ကလေးငယ်များ ကျောင်းမတက်နိုင်ခြင်းနှင့် နေ့စဉ် လုပ်ငန်းဆောင်တာများကို မလုပ်ကိုင်ရခြင်းကြောင့် ထိခိုက်မှုရှိနေကြောင်း သိရသည်။

ဒေသနေ ပြည်သူများနှင့် ကျွဲနွားတိရစ္ဆာန်များကို သတ်ဖြတ်နေသည့် ချီကိုလိုချောင်းတွင်းမှ မိကျောင်းများကို နှိမ်နင်းရန်အတွက် ဇမ်ဘီယာ သဘာဝတိရစ္ဆာန်ထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့မှ အရာရှိများကို အလျင်အမြန် စေလွှတ်ပေးရန် ၎င်းက တောင်းဆိုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အမေရိကန်တွင်ပြစ်မှုကြီးများဖြစ်ပွားမှု ၂၀၀၆ ခုနှစ်တွင် များပြားလာ

ဝါရှင်တန် စက်တင်ဘာ ၂၅

အမေရိကန်နိုင်ငံ၌ ၂၀၀၆ခုနှစ်တွင် ဆိုးရွားသောပြစ်မှုကျူးလွန်သည့်အရေအတွက်သည် ဒုတိယနှစ်အဖြစ်ဆက်လက်မြင့်တက်လျက်ရှိကြောင်း ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) က စက်တင်ဘာ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

လူသတ်မှု ၁၇၀၀၀ ကျော်

ယင်းပြစ်မှုများအနက် လူသတ်မှုအရေအတွက်သည် ၁၇၀၀၀ ကျော်အထိ ပါဝင်သည်ဟုဆိုသည်။ လူဆိုးဂိုဏ်းများပေါ်များလာခြင်း၊ လူငယ်အကြမ်းဖက်သူများ တိုးလာခြင်း၊ သေနတ်ဖြင့်ကျူးလွန်သည့်အမှုများ မြင့်တက်လာခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်မည့် ရဲတပ်ဖွဲ့ဝင်ဦးရေနည်းပါးနေခြင်းတို့သည် ပြစ်မှုများပြားလာခြင်း၏ အကြောင်းရင်းများဖြစ်သည်ဟု ရာဇဝတ်မှုခင်းကျွမ်းကျင်သူများက ထောက်ပြကြသည်။

ပြစ်မှုများတိုး၍လာခြင်းသည် ရေရှည်တွင်ဖြစ်ပေါ်နေမည့် အလားအလာတစ်ရပ်ဖြစ်သည်ဟူသော ကိစ္စကိုမူ ပညာရှင်များက တိတိကျကျ ဖော်ပြခြင်းမရှိပေ။

ပြစ်မှုကြီး ၁ဒသမ၄သန်းဖြစ်ပွား

အမေရိကန်တွင် ၂၀၀၆ခုနှစ်အတွင်း ပြစ်မှုကြီးပေါင်း ၁ဒသမ၄ သန်းဖြစ်ပွားခဲ့သည်။ ထိုပမာဏသည် ၂၀၀၅ခုနှစ်ကထက် ပြစ်မှုနှစ်ရာခိုင်နှုန်းတိုးတက်လာခြင်းဖြစ်သည်။ လူသတ်မှုဦးရေမှာလည်း အလားတူ အချိုးအစားအတိုင်း မြင့်တက်ခဲ့သည်ဟု အက်ဖ်ဘီအိုင်ထောက်လှမ်းရေးအဖွဲ့ အစီရင်ခံစာတွင် ဖော်ပြသည်။ **အမ်အင်အေ၊ ရိုက်တာ။**

ပြင်သစ်နိုင်ငံပါရီမြို့ ရှေးရိုးဆဲလ်တစ် အခမ်းအနားကျင်းပနေသည်ကို စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၅

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၂၂ ရက် ညနေပိုင်းတွင် ကျောက်ဆည်မြို့ Jewellery Luck သစ်အချောထည်စက်ရုံ(ကျောက်ဆည်) တည်ဆောက်ရေးရှင်းလင်းဆောင်သို့ ရောက်ရှိရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးကျော်စိန်နှင့် ဒါရိုက်တာ ဦးအေးထွန်းရွှေတို့က စက်ရုံတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စက်လည်ပတ်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အဆိုပါ စက်ရုံတည်ဆောက်ရေး လုပ်ငန်းတွင် စက်ရုံသုံးရုံကို တစ်ပြိုင်တည်း တည်ဆောက်နေပြီး စက်ရုံများ ပြီးစီးသွားပါက ဒေသခံဝန်ထမ်း ၂၀၀၀ ခန့် အလုပ်အကိုင်ရရှိမည်ဖြစ်သည်။

ဝန်ကြီးသည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ပြင်ဦးလွင်မြို့ အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (National Landmarks Gardan) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နေသည့် ထူးကုမ္ပဏီမှ တာဝန်ခံ အင်ဂျင်နီယာ ဦးသော်နှင့် အုပ်ချုပ်ရေးမှူး ဦးဇော်ထွန်းတို့က ဥယျာဉ်၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥယျာဉ်အတွင်း လှည့်လည် ကြည့်ရှုကြပြီး ပြင်ဆင်ထားမှု အခြေအနေနှင့် နိုင်ငံတကာ အဆင့်မီ ကလေးကစားကွင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ ကလေးကစားကွင်းကို အမျိုးသား ဥယျာဉ်၏ နှစ်ပတ်လည်နေ့အမီ ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ညနေပိုင်းတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြပြီး သစ်တောရေးရာဝန်ကြီးဌာနနှင့်အတူ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် Wood Land ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်နှင့် ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးချစ်တို့က အများပြည်သူ အနားယူအပန်းဖြေရန် ပြင်ဆင်ထားမှုနှင့် အပန်းဖြေနေမှုအခြေအနေများ ကို ရှင်းလင်းပြသကြသည်။

ယင်းနောက်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥယျာဉ်အတွင်း နိုင်ငံတကာ အဆင့်မီ သစ်ခွဥယျာဉ်ကြီး ဒီဇင်ဘာလအမီ တည်ဆောက်ပြီးစီးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ သစ်ခွဥယျာဉ်အတွင်း ပြည်တွင်း ပြည်ပ သစ်ခွပန်းပင်များ၊ ဓာတ်ခွဲခန်းနှင့် မျိုးပွားမှုပြခန်းများကို ပြသသွားမည် ဖြစ်ပြီး အများပြည်သူသို့သစ်ခွမျိုးများ ဖြန့်ဖြူးရောင်းချပေးသွားမည် ဖြစ်သည်။ ယင်းသစ်ခွဥယျာဉ်ကို ဒီဇင်ဘာလ ပထမပတ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်း၏ ၂၀၀၇-၂၀၀၈ခုနှစ် အခြေခံသစ်တောပညာ တစ်နှစ်ခွဲသင်တန်း အပတ်စဉ် (၁၀၃)ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်း၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်အောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ရှိ ဝင်းမာလာအောင် သစ်အခြေခံ အချောထည် စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံ၏မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းကိုက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်နေမှု အဆင့်ဆင့်၊ သစ်ခွဲသားများ ပြည်ပတင်ပို့ရန် ထုပ်ပိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်း၏ ၂၀၀၇-၂၀၀၈ခုနှစ် အခြေခံ သစ်တောပညာ တစ်နှစ်ခွဲ သင်တန်းအပတ်စဉ် (၁၀၃)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အဆိုပါစက်ရုံမှ ကျွန်းနှင့် ပျဉ်းကတိုး တန်ဖိုးမြင့်သစ်ခွဲသားများကို အင်္ဂလန်၊ ဒိန်းမတ်၊ အီတလီ၊ ပြင်သစ်၊ ဘယ်ဂျီယံ၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် တရုတ်နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ရှိ ဒါရမ်းထရိတ်ဒင်း ကုမ္ပဏီလီမိတက် A5 သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံ၏ မန်နေဂျင်းဒါရိုက်တာနှင့် မန်နေဂျာတို့က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံအတွင်းသစ်ခွဲစိတ်လည်ပတ်နေပုံအဆင့်နှင့် ပြည်ပတင်ပို့ရန် ထုပ်ပိုးထားသော သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ စက်ရုံမှ ကျွန်းသစ်တန်ဖိုးမြင့်သစ်ခွဲသားများနှင့် ဥယျာဉ်သုံး ပရိဘောဂများကို အင်္ဂလန်၊ပြင်သစ်၊ အီတလီ၊ မလေးရှား နိုင်ငံများနှင့် တရုတ်တိုင်ပေသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Wooden Architecture Forum, Myanmar စာတမ်းဖတ်ပွဲ ပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Technical Division (Architecture)နှင့် မြန်မာနိုင်ငံ ဗိသုကာ အသင်းတို့ ပူးပေါင်းပြုလုပ်မည့် စာတမ်းဖတ်ပွဲများကို စက်တင်ဘာ ၂၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲ တွင် ဦးဆန်းဦး(Senior Registered Architect, AMA) က Wooden Architecture in Myanmar စာတမ်းကိုလည်းကောင်း၊ ဦးခင်မောင်မောင် (CEC, MES)က Safeguarding of the Wooden Architecture in Myanmar စာတမ်းကို လည်းကောင်း၊ဦးစောထွေးဇော် (Structure Engineer, CEC, MES) က Compartive Structural Analysis of Traditional & Modern Timber Roots စာတမ်းကို လည်းကောင်း၊ ဒေါ်ချောကလျာ(Architect, AMA) က Role of Timber in Recent Building Projects စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြား ကြမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။

ထိုစာတမ်းဖတ်ပွဲသို့ တက်ရောက်လာသော AMA အသင်းဝင် Registered Architect များကို AMA မှ CPD သတ်မှတ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးကုတ်သံဝေဇနိယ (နေ့)တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ် သွေးဆေးကန် အနီး မူလကမ္ဘာအေးလေးကျောင်းတိုက် (မိုးကုတ်သံဝေဇနိယ ဓမ္မပူဇာအဖွဲ့) တွင် အောက်တိုဘာ ၆ရက် (စနေနေ့)မှ အောက်တိုဘာ ၁၀ရက် (ဗုဒ္ဓဟူးနေ့) အထိ (၁၆)ကြိမ်မြောက် မိုးကုတ်သံဝေဇနိယဓမ္မပူဇာ (နေ့)တရားစခန်းကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် မိုးကုတ်ဆရာတော်ကြီး၏တရားတော်နှင့် လုပ်ငန်းစဉ်များကို တိုက်ရိုက် နာယူကျင့်ကြံအားထုတ်ကြမည်ဖြစ်ရာ ကျောင်းထိုင်ဆရာတော် ဦးဝိမလနှင့် ဆရာမဒေါ်အေးအေးခိုင်(ဆုထူးပန် အဘိဓမ္မာ)တို့က တရားတော် အနှစ်ချုပ် စာစောင်များဖြန့်ဝေ၍ ကြိုတင်ပေါင်းကူး ရှင်းလင်းဆွေးနွေးပေးမည် ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ဆရာတော်ဦးဝိမလနှင့်အရှင်သုစိတ္တ ဖုန်း-၃၈၂၂၈၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၉-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

AM&PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ပဌာန်းပါဠိတော်နှင့် ဓာရဏပရိတ်"တရားတော် [ဆရာတော် အရှင်အာစာရာလင်္ကာရ(စစ်ကိုင်းရွှေဟင်္သာ)]
၈း၀၅-၂း၀၅	ပြန်လည်ပွင့်ထွန်းလာတော့မည့် ပြည်မြို့မှ သတ္တဌာနဘုရားများ
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅-၂း၄၅	ဖူးကြတူပျော် တာဝတိံသာတက်ပွဲတော်
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	Midweek Sport, News
၉း၃၀-၃း၃၀	အဝိဇ္ဇာအမှောင်ခွင်း ဉာဏ်အလင်းထွန်းပေါ်မြတ်ဓမ္မတရား ဂုဏ်တော်(ဣန္ဒာဆွေ ရေးဖွဲ့ပူဇော်သည်။)
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	ငြိမ့်ညောင်းသာယာစောင်းပညာ
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	သာသနာ့သက်သေ မဟာပုဂံမြေ [ဒေါက်တာချစ်ငယ်(ဒသုန)Ph.D]
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာရွှေချည်ထိုးပညာ
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	အရဏ်ဦး၏အလှများ
၁၁း၄၅-၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	အံ့ဖွယ်ထင်ရှား ကျိုက္ခမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅	International Video Topics (လေယာဉ်မတော်တဆဖြစ်စဉ်များ၏နောက်ကွယ်၌)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းက ရန်ကုန်မြို့ ကလေးဆေးရုံကြီးနှင့် အလုပ်သမားဆေးရုံကြီးသို့ ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း (MAWFA) က ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီးနှင့် အလုပ်သမားဆေးရုံကြီးများသို့ အလှူငွေများပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကလေးဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယက၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ MAWFA အသင်း၏ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၏ဇနီး Madame Dana Phany နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ ဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၏ ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၏ဇနီးများ၊ ရန်ကုန်မြို့ကလေးဆေးရုံကြီးနှင့် အလုပ်သမားဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နာယကဒေါ်မြင့်မြင့်စိုးနှင့် MAWFA အသင်း၏ ဒုတိယဥက္ကဋ္ဌ Madame Dana Phany တို့က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ရန်ကုန်မြို့ ကလေးဆေးရုံအုပ်ကြီး ဒေါက်တာ ဦးအောင်ကြည်ဝင်းနှင့် အလုပ်သမားဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းတို့အား ငွေကျပ် ၁၀သိန်းပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးများက ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြကာ ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် အလှူရှင်များသည် ရန်ကုန်မြို့ ကလေးဆေးရုံကြီးနှင့် အလုပ်သမားဆေးရုံကြီးတို့ရှိ လူနာဆောင်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ လှူဒါန်းငွေ ကျပ် ၁၀ သိန်းကို ရန်ကုန်မြို့ ကလေးဆေးရုံအုပ်ကြီး ဒေါက်တာ ဦးအောင်ကြည်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

➪ ကျောဖုံးမှ

ရေနံနှင့်သဘာဝ ဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Murli S. Deora၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေး၊ ONGC Videsh Limited မှ Managing Director Mr. R.S. Butola တို့က နှုတ်ခွန်းဆက်စကားများကိုလည်းကောင်း အသီးသီး ပြောကြားသည်။

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေး၊ ONGC Videsh Limited မှ Managing Director Mr. R.S. Butola နှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ ONGC Videsh Limited ၏ Director (Exploration) Mr. Joeman Thomas တို့က လက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်များကိုလည်းကောင်း ပေးအပ်ရာ ONGC Videsh Limited ၏ Managing Director Mr.R.S. Butola က လက်ခံသည်။

လက်မှတ်ရေးထိုး ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်များသည် မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ဒေသ ရေနက်ပိုင်းလုပ်ကွက် AD-2, AD-3 နှင့် AD-9 အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်သည်။

အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Murli S. Deora ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra၊ စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူတို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပင်လယ်ပြင်နှင့်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ (National Committee for Environment Affairs)က ချမှတ်ထားသော ရေ့လုပ်ငန်းစဉ်(၉)ရပ်၏ မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီလုပ်ငန်းအဖွဲ့ (၂) (Task Force-2)က ကြီးမှူး၍ Mingalar Foundation နှင့် Myanmar Development Foundation တို့က ဆောင်ရွက်ပြီး Htoo Group of Companies နှင့် Dusit Inya Lake Hotel တို့က ပံ့ပိုးကူညီကာ ကျင်းပသော ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်ရုံ ဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ရက်နှင့် ၁၃ရက်တို့တွင် Dusit Inya Lake Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ၏ ပင်လယ်ပြင်နှင့် ကမ်းရိုးတန်း ဒေသထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သတ္တဗေဒ၊ အဏ္ဏဝါဗေဒ၊ ရုက္ခဗေဒနှင့် စီးပွားရေးဌာနတို့မှ ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအားလုံး ပါဝင်ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်ရာကိုယ်စားလှယ် စုစုပေါင်း ၄၀ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှဦးလှဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)နှင့် မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ပါမောက္ခ ဒေါက်တာဆွေသွင် (အငြိမ်းစား)တို့က ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက အုပ်စုလေးစုခွဲ၍ အဏ္ဏဝါသိပ္ပံ၊ သစ်တော၊ ရေလုပ်ငန်းနှင့် ထိန်းသိမ်းရေး ခေါင်းစဉ်များအလိုက် ဆောင်ရွက်ရမည့် အကြံပြုချက်များကို အဖွဲ့လိုက်ဆွေးနွေးကြသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီလုပ်ငန်း အဖွဲ့ (၂) တာဝန်ခံ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ပါဝင်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာကုန်သွယ်ရေးတွင် နိုင်ငံငယ်များ၏ ပါဝင်နိုင်မှုစွမ်းအားကို မြှင့်တင်ရန်နှင့် အထောက်အကူပေးရန် ရည်ရွယ်သော ညှိနှိုင်းအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၅

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် ဖိလစ်ပိုင်အစိုးရတို့ ပူးပေါင်းကျင်းပသော နိုင်ငံတကာကုန်သွယ်ရေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၊ နိုင်ငံငယ်များ၏ ပါဝင်နိုင်မှု စွမ်းအားကို မြှင့်တင်ရန်နှင့် အထောက်အကူပေးရန် ရည်ရွယ်သော ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ရက်နှင့် ၂၀ရက်တို့တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် အာရှနှင့် ပစိဖိတ်ဒေသရှိ နိုင်ငံများအတွက် ကုန်သွယ်ရေးကဏ္ဍအပေါ် အထောက်အကူပေးရန် လိုအပ်ကြောင်း ဆွေးနွေးသည့် အစီအစဉ်နှင့် ပုဂ္ဂလိက ကဏ္ဍက ပူးပေါင်းပါဝင်ရေးကဏ္ဍအပေါ် လိုအပ်ကြောင်းဆွေးနွေးသည့် အစီအစဉ်များတွင် ပါဝင်တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့သည်။ ထို့အပြင် မဲခေါင်ဒေသနိုင်ငံများ၏ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဒေသတွင်းကုန်သွယ်မှုလျင်မြန် ချောမွေ့စေရေးအတွက် အထောက်အကူပြုဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များအပေါ် ညှိနှိုင်းဆွေးနွေးသည့် အစီအစဉ်တွင်လည်း ပါဝင်တက်ရောက် ညှိနှိုင်းဆွေးနွေးခဲ့သည်။

တက်ရောက်

ယင်းညှိနှိုင်းအစည်းအဝေးသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Paseal Lmuy၊ ကမ္ဘာ့ကုလသမဂ္ဂ ညီလာခံဆိုင်ရာ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အထွေထွေအတွင်းရေးမှူးချုပ် Mr. Supachai Panitchpakdi၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda တို့ အပါအဝင် အာရှနိုင်ငံ ၂၁နိုင်ငံတို့မှ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အကြီးတန်းအရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ စိတ်ဝင်စားသူများ တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာသာသနာပြု ဆရာတော်များ၏တရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာလမ်းမကြီးပေါ်ရှိ ဘုမ္မာအနောက်ပိုင်းလုံးဆိုင်ရာ သာသနာ့လင်းရောင်ခြည် ဓမ္မာရုံတော်ကြီး၌ ဝါတွင်းကာလ ဥပုသ်ရက်များတွင် မွန်းလွဲ ၁နာရီမှစ၍ အထူးတရားပွဲများ ကျင်းပလျက်ရှိသည်။

တော်သလင်းလပြည့် (စက်တင်ဘာ ၂၆ရက်)တွင် ပိဋကတ်ကျောင်း ဆရာတော် ဒေါက်တာ အရှင် ပညာနန္ဒ (မြင်းခြံ)၊ တော်သလင်းလပြည့်ကျော် ၈ရက် (အောက်တိုဘာ ၄ရက်)၌ ဇေတဝန်ဓမ္မာရုံကျောင်း ဆရာတော် ဒေါက်တာ အရှင်သောပါက (M.A, Ph.D)(မဂဓတက္ကသိုလ်၊ ဗုဒ္ဓဂယာ၊ အိန္ဒိယ)၊ တော်သလင်းလကွယ်(အောက်တိုဘာ ၁၁ရက်)၌ ပညာမြေကျောင်း ဆရာတော် ဒေါက်တာ အရှင်ဉာဏဂ္ဂ (M.A, Ph.D) (မဂဓတက္ကသိုလ်၊ ဗုဒ္ဓဂယာ၊ အိန္ဒိယ)၊ သီတင်းကျွတ်လဆန်း ၈ရက် (အောက်တိုဘာ ၁၉ရက်)၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြု တက္ကသိုလ်(ကထိက) သီတဂူ ဒေါက်တာ အရှင်ကုန္ဒက (M.A, Ph.D) (ဗာရာဏသီဟိန္ဒူတက္ကသိုလ်၊ အိန္ဒိယ)၊ သီတင်းကျွတ်လပြည့်(အောက်တိုဘာ ၂၆ရက်)၌ သဒ္ဓမ္မသုခဓမ္မရိပ်သာကျောင်း ဆရာတော် ဒေါက်တာ အရှင်ခေမာသီရိ(လှုတော) (M.A, Ph.D) (သက္ကတ တက္ကသိုလ်၊ ဗာရာဏသီ၊ အိန္ဒိယ)တို့က ဟောကြားကြမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်(အောက်တိုဘာ ၂၆ရက်) ညနေ ၃နာရီတွင် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) (M.A, Ph.D) (မဂဓတက္ကသိုလ်၊ ဗုဒ္ဓဂယာ၊ အိန္ဒိယ)က ရေစက်ချအထူးတရားသိမ်းအောင်ပွဲအဖြစ် ဟောကြားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဖုန်း–၅၃၇၅၉၇၊ ဦးသိန်းထူးအေး(မြို့ပြအင်ဂျင်နီယာ) ဖုန်း–၆၉၉၂၆၀၊ ဦးဌေးမင်းအေး ဖုန်း–၆၉၀၃၃၂ တို့ထံ ဆက်သွယ်နိုင်ကြောင်းနှင့် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ကန်သာယာလမ်းဆုံ အထက (၃)ကျောင်းဘေး ဘုမ္မာလမ်းမကြီးမှဝင်၍ အမက(၁၅)နှင့် ဘုမ္မာ(၁၂)လမ်းထိပ်ရှိ သာသနာ့လင်းရောင်ခြည် ဓမ္မာရုံတော်ကြီးသို့ ကြွရောက်၍ တရားတော်များ နာယူနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

အမှာစကားပြောကြား

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းအဖွဲ့(၂) တာဝန်ခံ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ အမှာစကားပြောကြားစဉ်။

(ဟိုတယ်/ခရီး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆–၉–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၁၃၆၉ ခုနှစ်၊ တော်သလင်းလပြည့်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိ ပါဠိတော်**
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဟောကြားတော်မူအပ်သော “ငါးပါးသီလအခါတော်နေ့ တရားတော်”
- ၈:၀၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၅ ၆။ အတီးပြိုင်ပွဲ
- ၈:၃၀ ၇။ International News.
- ၈:၄၀ ၈။ Islands of Dhamma
- ၈:၄၅ ၉။ ဘဒ္ဒန္တ ဇာဂရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကကောဝိဒ) တွဲဖက်အကျိုးတော်ဆောင် ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကလေးဝတောရကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အမှတ်(၃)အခြေခံပညာ ဦးစီးဌာနတတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ် ပူဇော်ပွဲ(တတိယဆု) (အထက ၁၊သာကေတ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၄:၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ – ပထမနှစ် (မြန်မာစာအထူးပြု)(မြန်မာစာ)
- ၅:၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၁၀ ၆။ သီချင်းကြိုးပဒေသာ
- ၅:၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၂။ လွင်မိုးခရီးသွားနေသည်
- ၇:၃၀ ၁၃။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင် ဒုတိယတန်းအဆင့်) (အမျိုးသား)
- ၇:၄၅ ၁၄။ လှည့်လည်ပူဇော် ပေါင်းတည်မြတ်စွယ်တော်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ Franz Hararay's Magic Planet
- ၁၉။ ၂၀၀၆ခုနှစ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ဖျော်ဖြေတင်ဆက်မှုအစီအစဉ်၊ အကဲဖြတ်အဖွဲ့ဝင်များနှင့် မျိုးဆက်သစ်အနုပညာရှင်များ၏ လက်ဆင့်ကမ်းဝေ မျိုးဆက်အမွေ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ယနေ့ မြန်မာ့နိုင်ငံရေးမြင်ကွင်းမှ အမှန်နှင့်အမှားများ (၁)

ကျော်မင်းလူ(ရွှေပြည်သာ)

ဒီတစ်ခါတော့ အစိုးရရဲ့ နိုင်ငံနဲ့ပြည်သူအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေအပေါ် တစ်ဖက်က အဆိုးမြင်အကြမ်းဖက်အုပ်စုတွေက ပြည်တွင်းပြည်ပ ဟန်ချက်ညီပူးပေါင်းပြီး ဘယ်လိုကြံစည် ထိုးနှက်နှောင့်ယှက်နေကြတယ်ဆိုတာ ပြည်သူအားလုံးသိအောင် ကျွန်တော်နားလည်သမျှ ဖောက်သည်ချချင်ပါတယ်။ ဟာ–ဒါဆို ခင်ဗျားအစိုးရဘက်က ဘက်လိုက်ပြီး ရေးမှာမဟုတ်လားလို့ မထင်လိုက်ကြပါနဲ့။ မဟုတ်ပါဘူး။ ကျွန်တော် **“နှစ်ဘက်မျှမှ အဖြေလှမည်”** တုန်းကလိုပဲ မျှမျှတတတွေးခေါ်ပြီး မျှမျှတတပဲ သုံးသပ်ပြမှာပါ။ မှန်နေတာကို အမှန်လို့မြင်ပြီး မှားနေတာကို အမှားလို့သိလာအောင် ပြောချင်တာပါ။ ခင်ဗျားတို့နဲ့ ဆွေးနွေးတိုင်ပင်တဲ့ သဘောမျိုးပါ။ တကယ်လည်း ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူအားလုံးက ကိုယ့်နိုင်ငံရဲ့ ဒီနေ့ နိုင်ငံရေးမြင်ကွင်းတစ်ရပ်လုံးကို ခြုံငုံပြီး သိသင့်ကြတယ်မဟုတ်လား။

ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်သမိုင်းကို ပြန်ကောက်ရင် ဖြောင့်ဖြောင့်ဖြူးဖြူး ချောချောမွေ့မွေ့ ရှိခဲ့တဲ့ကာလက အတော့်ကို နည်းခဲ့ပါတယ်။ကျွန်တော့်စိတ်အထင် မရှိသလောက်ပါပဲ။ ပဒေသရာဇ်ခေတ် မင်းဆက်တွေအကြောင်းက ဝေးလွန်းလို့ ခဏဖယ်ထား။ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်နောက်ပိုင်း မကြာလှသေးတဲ့ အဆစ်အပိုင်းကိုပဲ ပြန်ကြည့်ပါဦး။ အစိုးရအဆက်ဆက်ဟာ အဆိုးမြင်ဆန့်ကျင်ဘက် အင်အားစုတွေရဲ့ ထိုးနှက်နှောင့်ယှက်တိုက်ခိုက်မှုတွေကြောင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အကျိုးစီးပွားကို ဘာမှ ဖြောင့်ဖြောင့်တန်းတန်း အောင်အောင်မြင်မြင် ထိထိရောက်ရောက် မလုပ်နိုင်ခဲ့ကြပါဘူး။ ဘယ်လောက်ပဲ တိုင်းပြည်ကိုကောင်းအောင် မြှင့်တင်ချင်တဲ့ အစိုးရမျိုးဖြစ်ဖြစ် အကောင်းပြော၊ အကောင်းမြင် မခံခဲ့ကြရပါဘူး။ အနှောင့်အယှက်တွေမျိုးစုံ တင်းကျမ်းပြည့်နေတော့ ဘယ်အစိုးရမျိုးမှလည်း စိတ်ရင်းစေတနာရပ်တည်ချက် ဘယ်လောက်ပဲ ကောင်းကောင်း လုပ်ခွင့်ကိုင်ခွင့်၊ကြိုးပမ်းခွင့် မသာခဲ့ပါဘူး။ ဒါတော့ အမှန်ပါ။ ရှေ့ကို တိုးမယ့်ခြေလှမ်းကို နောက်က အတင်းဆွဲထားတဲ့ အဆိုးမြင် ဆန့်ကျင်ဘက်ဆိုတဲ့အုပ်စုတွေ အစဉ်အဆက်ရှိနေခဲ့တာကိုက ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူအားလုံးအတွက် သိပ်ကို ဝမ်းနည်းဖို့ကောင်းတဲ့ကိစ္စပါ။ တိုင်းပြည်အတွက် အနုတ်လက္ခဏာတစ်ရပ်ပါ။ ဒါကို ခင်ဗျားတို့အားလုံးလည်း နားလည်နိုင်မယ် ထင်ပါတယ်။

ဒါဖြင့် **အဲဒီအုပ်စုတွေက တိုင်းပြည်အကျိုးယုတ်အောင်၊ ပြည်သူဆင်းရဲဒုက္ခရောက်အောင် ဘာဖြစ်လို့ တည်ဆဲအစိုးရတွေကို ဆန့်ကျင်နေကြရတာလဲ။ ရှင်းရှင်းပြောရရင် အာဏာပေါ့ဗျာ။ အာဏာကို လိုချင်လို့။ ဒီတော့ သူတို့အာဏာရအောင် တည်ဆဲအစိုးရကို တကယ့်ရန်သူကြီးလို သဘောထားပြီး ဆန့်ကျင်မယ်၊အပုပ်ချမယ်၊ နှောင့်ယှက်မယ်၊ ထိုးနှက်မယ်၊ နောက်ဆုံး ဖြုတ်ချမယ်။ ဒီတော့ သူတို့ရဲ့ အန္တိမရည်မှန်းချက်က အာဏာ သူတို့လက်ထဲရောက်ဖို့။ ကျွန်တော်ပြောတာ မဟုတ်ဘူးလား။ ဒီတော့ ဆန့်ကျင်ဘက်အုပ်စုတွေက တည်ဆဲအစိုးရကို ဆန့်ကျင်ပြီး သူတို့အာဏာရဖို့လုပ်ရာမှာ ဘယ်သူ့ကို ခုတုံးလုပ် အသုံးချနေသလဲ။ ကဲ…ခင်ဗျားတို့ပြောပါ။ ခင်ဗျားတို့၊ ကျွန်တော်တို့ ပြည်သူကို အသုံးချနေတာဗျ။ ခင်ဗျားတို့၊ ကျွန်တော်တို့ အသုံးချခံနေရတာ။ ကျွန်တော်တို့ရဲ့ သားသမီး ကျောင်းသားထုကို သုံးတယ်။ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် အလုပ်သမားထုကို သုံးတယ်။ ကျွန်တော်တို့ ကိုးကွယ်ကြည်ညိုဆည်းကပ်ရတဲ့ သံဃာထုကို သုံးတယ်။**

တကယ်တော့ သူတို့အာဏာရူးတာနဲ့ ကျွန်တော်တို့ကို မလိမ့်တစ်ပတ်လုပ်၊ အစိုးရနဲ့ရန်တိုက်ပေးပြီး ရှေ့က ထွက်ခိုင်းနေတာ။ သူတို့ကတော့ နောက်ကနေပြီး မီးဖောင်းတီးပေးနေတာ၊ ဒါမဟုတ်ဘူးလား။

ဒါဖြင့် ကျွန်တော်တို့ပြည်သူတွေ(ကျောင်းသားထု၊ အလုပ်သမားထု၊ သံဃာထု)ကရော သူတို့ ဒီလိုလုပ်နေတာ မသိတော့ဘူးလား၊ အမှန်ပြောရရင် မသိကြဘူးဗျ။ သူတို့က မျက်လှည့်ဆရာတွေလေ၊ လူထုကိုမျက်လှည့်ပြပြီး သွေးထိုးလှုံ့ဆော်အသုံးချဖို့ ပြည်ပဆရာကြီးတွေ၊ ပြည်တွင်းဆရာကြီးတွေနဲ့ စနစ်တကျကို သင်ကြားလေ့ကျင့်ထားတာဗျ။ ဒီတော့ လူထုမှာ သူတို့လှည့်သမျှ မျက်စိလည်သွားပြီး သူတို့ခိုင်းသမျှကို ဆင်ကန်းတောတိုး၊ မြွေမကြောက်၊ ကင်းမကြောက် လုပ်မိကြတာပေါ့ဗျာ။ ဒီလို သူတို့အလှည့်မခံရအောင် အစိုးရက အဖြစ်မှန်တွေကို ပြည်သူသိအောင် နေ့စဉ် သတင်းစာ၊တီဗွီ၊ရေဒီယိုတွေကနေ ရှင်းလင်းချပြနေတာ ခင်ဗျားတို့လည်း သတိပြုမိမှာပါ။ဒီတော့ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့၊ ခင်ဗျားတို့ မသိလို့ခံနေရတာတွေ သိလာအောင်၊ နားလည်လာအောင် ကျွန်တော်ပြောပြချင်တယ်။ သူတို့ ဘာအကြံအစည်နဲ့ ဘယ်လိုပူးပေါင်းပြီး ဘာတွေလုပ်နေကြတယ်ဆိုတာကိုရော၊ အစိုးရက ဘယ်လိုရည်မှန်းပြီး ဘယ်သူတွေအတွက် ဘာတွေလုပ်နေတယ်ဆိုတာရော ခြုံငုံပြီး ဆွေးနွေးပြချင်တယ်။ ဘယ်သူမှန်ပြီး ဘယ်သူမှားတယ်ဆိုတာ ခင်ဗျားတို့ပဲ ဆုံးဖြတ်ပါ။ အဓိကကတော့ သူများလှည့်တာပတ်တာ မျက်စိလည်ပြီး သူများအသုံးချမခံရစေချင်တဲ့ စေတနာအရင်းခံပါ။

အစိုးရတို့၊ ဆန့်ကျင်ဘက်တို့ မပြောခင် ကိုယ့်အကြောင်းကိုယ် အရင်ပြောပါဦးမယ်။ ဒီနေ့ ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူအားလုံးရဲ့ ဆန္ဒအစစ်အမှန်က ဘာလဲ။ ဒီလိုမေးတော့ ဟာ–အများကြီးပေါ့။ တိုက်ဆောက်ချင်တယ်၊ ကားစီးချင်တယ်။ ဒါကိုပြောတာ မဟုတ်ဘူး။ အားလုံးကို ခြုံငုံပြီးတော့ ပြည်သူအားလုံးရဲ့ကိုယ်စီရင်ထဲမှာ အစဉ်အမြဲရှိနေတဲ့ ယထာဘူတကျတဲ့ အဓိကဆန္ဒ။ ကျွန်တော်ပြောမယ်နော်။ **ကျွန်တော့်ရဲ့အမြင်ပြောရရင် ဒီနေ့ ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုနိုင်တဲ့ အဓိကလိုလားချက် ဆန္ဒကြီး(၃)ရပ်ရှိတယ်လို့ ကျွန်တော်မြင်တယ်။ ခင်ဗျားတို့လည်း ဒီလိုပဲမြင်မိမှာပါ။**

နံပါတ်(၁)ဆန္ဒ၊ ပြည်သူတိုင်းဟာ ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်တာကို အမှန်တကယ်မြင်ချင် တွေ့ချင်တယ်။ အဲဒီလိုပဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ မိမိတို့မိသားစုနဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ စားဝတ်နေရေး ဖူလုံပြည့်စုံပြီး ပညာရေး၊ ကျန်းမာရေး အဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ လူနေမှုဘဝ မြင့်မြင့်မားမား နေလိုကြတယ်။ ဒါမဟုတ်ဘူးလား။

နံပါတ်(၂)ဆန္ဒ၊ ဒီနေ့ပြည်သူလူထုဟာ ဆန္ဒပြမှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ ဆူဆူပူပူ ရုတ်ရုတ်သဲသဲကြားမှာ ကျီးလန့်စာစားမနေချင်တော့ဘူး။ ကိုယ်စီဘဝလေးတွေနဲ့ ဣန္ဒြေရရ အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်ပဲ နေချင်ကြတော့တယ်။ ပြောရရင် ခေတ်အဆက်ဆက် တိုက်ကြခိုက်ကြ၊ ဆူကြပူကြ၊ သတ်ကြဖြတ်ကြနဲ့ **တည်ငြိမ်မှု၊ အေးချမ်းမှု မရှိခဲ့တဲ့ကာလတွေကို စိတ်ကုန်စိတ်ပျက်နေကြပြီ။ ပွင့်ပွင့်လင်းလင်းပြောရရင် ကြောက်ကိုကြောက်နေပြီ။ ဒီလိုပဲ ၈၈ အရေးအခင်းဆိုတာမျိုးကိုလည်း လေသံတောင် မကြားချင်တော့ဘူး။ ဒီတော့ ပြည်သူက ကိုယ်စီဘဝလေးတွေ လုံခြုံစိတ်ချရတဲ့ အေးချမ်းတည်ငြိမ်မှုမျိုးကိုပဲ လိုချင်တော့တယ်။ ဒါအမှန်ပါ။ ခင်ဗျားတို့လည်း ဒါကိုလက်မခံနိုင်စရာ မရှိဘူးမဟုတ်လား။**

ကဲ–ဆက်ဦးမယ်။ နံပါတ်(၃)နဲ့ နောက်ဆုံးဆန္ဒ။ ဒီနေ့ပြည်သူဟာ ဥပဒေနဲ့အညီ လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင် ပြုမူဆောင်ရွက်ခွင့်ရလိုကြတယ်။ ဥပဒေရဲ့ အရိပ်အာဝါသအောက်မှာ ပေါ်ပေါက်လာတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို စိတ်ကြိုက်ရွေးချယ်ပြီး အေးအေးချမ်းချမ်းနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ရင်း ဘဝတိုးတက်ခွင့်ကိုပဲ လိုလားမျှော်လင့်ကြတယ်။ ဒါလည်း ပွင့်လင်းလာတဲ့ ဈေးကွက်စီးပွားရေးနဲ့အညီ လူတိုင်းက ကိုယ်စီဘဝ တိုးတက်ရာတိုးတက်ကြောင်း လုပ်ကြရမှာပဲ။ အခွင့်အလမ်းတွေ ဒီလောက်ဝေဆာပွင့်လန်းနေတဲ့အခြေအနေမျိုးမှာ ဘယ်သူမှ ဥပဒေကို မဆန့်ကျင်လိုဘူး။ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ်နဲ့ အစွမ်းကုန်လုပ်ပြီး အမြင့်ဆုံးအောင်မြင်မှုကို ရယူဖို့ပဲ လူတိုင်းရဲ့ရင်ထဲမှာ အားသန်နေကြမှာပါဗျာ။

ဒီတော့ ကျွန်တော်သုံးသပ်မိသလောက် ဒီဆန္ဒ(၃)ရပ်ဟာ ဒီနေ့ ပြည်သူတိုင်းရဲ့ ကိုယ်စီရင်ထဲမှာရှိနေတဲ့ ပြည်သူ့ဆန္ဒအစစ်အမှန်တွေပဲ ဖြစ်ပါတယ်ဗျာ။ အဲဒီအဓိက ပြည်သူ့လိုအင်ဆန္ဒကြီး(၃)ရပ်မှာ ခင်ဗျားတို့ တိုက်ဆောက်ချင်တာရော၊ ကားစီးချင်တာရော အကုန်ပါသွားပြီ မဟုတ်လား။ ကျန်တဲ့ဆန္ဒလေးတွေ အားလုံးလည်း အဲဒီအထဲမှာ ခြုံငုံပြီး ပါပြီးသား ဖြစ်ပါလိမ့်မယ်။

ကဲ–ပြည်သူကတော့ ဒီလို ဒီလိုဆန္ဒတွေရှိနေပြီ။ လက်ရှိ တည်ဆဲအစိုးရက ဘာတွေလုပ်နေသလဲ။ ကျွန်တော်ပြောပါဦးမယ်။ ဒီနေ့ အစိုးရဟာ ကျွန်တော်အထက်မှာပြောခဲ့တဲ့ ပြည်သူ့ဆန္ဒတွေကို ပြီးပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ဖို့ အချိန်နဲ့အမျှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနေတယ် မဟုတ်ဘူးလား။

လက်ရှိအစိုးရက အမျိုးသားရေးလမ်းညွှန်မှုဝါဒအဖြစ် ချမှတ်ထားတဲ့ ဒို့တာဝန်အရေးသုံးပါးဆိုတာ ခင်ဗျားတို့အားလုံး အသိပါ။ အဲဒီ ဒို့တာဝန်အရေးသုံးပါးဆိုတာ ပါတီတစ်ရပ်၊ လူမျိုးတစ်မျိုး၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် မူတည်ချမှတ်ထားတာမျိုး မဟုတ်ဘူး။ ဘယ်ပါတီပဲ ဖြစ်ဖြစ်၊ ဘာလူမျိုးပဲဖြစ်ဖြစ်၊ ဘယ်ပုဂ္ဂိုလ်အတွက်ဖြစ်ဖြစ် ဘယ်သူ့အတွက်မဆို အားလုံးအတွက် အမြဲတမ်း လိုအပ်နေပြီး အမြဲတမ်း မှန်ကန်နေမယ့် အရေးတွေပဲဖြစ်နေတယ်။ ပြည်ထောင်စု မပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲအောင်၊ အချုပ်

လက်ရှိအစိုးရက အ…
ပါတီတစ်ရပ်၊ လူမျိုးတစ်မျိုး…
ဘယ်ပါတီပဲဖြစ်ဖြစ်၊ ဘာလူ…
အမြဲတမ်းလိုအပ်နေပြီး အ…
တိုင်းရင်းသားစည်းလုံးညီ…
ကြိုးပမ်းနေကြရမှာပဲ။ ဒီ…
လက်မခံနိုင်ပါဘူးဆိုတဲ့ ပါ…
ပုဂ္ဂိုလ်တွေဟာ အမျိုးသားအ…
ပြည်ထောင်စုဖွား တိုင်းရင်း…
ပြည်ထောင်စုကြီးတစ်ခုလုံး…
ပါပြီ။ လက်မခံနိုင်စရာ တ…

အခြာအာဏာ တည်တံ့ခိုင်မြဲအောင်…
ပြည်သူအားလုံးရော အစဉ်တစိုက် …
သုံးပါးဟာ ကျွန်တော်တို့၊ ခင်ဗျားတို့…
မှန်ကန်နေမှာပဲ။ ဒါကိုလက်မခံနိုင်ပါ…
ဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ ရှိလာခဲ့ရင် အ…
အမျိုးသားအကျိုးစီးပွားကို ပစ်ပယ်…
ဒို့တာဝန်အရေးသုံးပါးဟာ ပြည်ထော…
အတွက် အမြဲမှန်ကန်၊ အမြဲလိုအပ်နေ…
ထောင်စုကြီးတစ်ခုလုံးရဲ့ ရေရှည်အကျိုး…
ထားတယ်ဆိုတာ ထင်ရှားနေပါပြီ။ လ…
မရှိဘူးဆိုတာလည်း ထပ်ပြောဖို့ လို…

ဒီလို ဒို့တာဝန်အရေးသုံးပါးကို အ…
အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်သူ့…
မှုရှိစေဖို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ …
လုပ်ငန်းစဉ်အဖြစ် ချမှတ်ဖော်ဆောင်…
ချက်(၁၂)ရပ်ကို ခင်ဗျားတို့၊ ကျွန်တော်…
လေ့လာကြည့်မယ်ဆိုရင် ဒီနေ့ ကျွန်…
လက်တွေ့အကျဆုံး၊ ပကတိအရှိတရား…
အကျိုးစီးပွားကို အဖော်ဆောင်နိုင်ဆုံး…
တွေ့ရမှာဖြစ်တယ်။ ဥပမာအားဖြင့် စီးပွ…
နောက်ဆုံးအချက်ဖြစ်တဲ့ **“နိုင်ငံတော…**
ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်…
လက်ဝယ်တွင်ရှိရေး” ဆိုတဲ့ အချက်က…
တိုင်းရင်းသားလုပ်ငန်းရှင်တွေ့ရဲ့ ရေ…
ကာကွယ်ပေးထားတယ်ဆိုတာ ထင်ရှား…
ဒီလိုမျိုး တိုင်းရင်းသားလုပ်ငန်းရှင်တွေ…
တိုင်းတစ်ပါးအင်အားကြီးလုပ်ငန်းရှင်…
တစ်ခုလုံးကို ဝါးမျိုသွားမှာ အသေအ…
ကိုယ့်တိုင်းရင်းသားလုပ်ငန်းရှင်လေး…
ဒီလိုအကာအကွယ်ပေးထားတာကို ကျွ…
လိုတယ်။ ဒီဥပမာလိုပဲ ကျန်တဲ့ ဦးတ…
ဆိုင်ရာကဏ္ဍအလိုက် ကိုယ့်နိုင်ငံ၊ ကိုယ့်…
အတွက် ရည်မှန်းဖော်ဆောင်ရမယ့် လုပ်…
စေ့စေ့စပ်စပ် သုံးသပ်လေ့လာကြည့်ရင် …
ဖြစ်ပါတယ်။ ဒါကြောင့် ဒီ **ဦးတည်…**
ကိုယ့်ပြည်သူများအတွက် အမှန်ကန်ဆုံး…
များအဖြစ် ဘယ်လိုမှ ငြင်းပယ်လို့…
အနှစ်သာရ ပြည့်ဝတယ်လို့ ကျွန်တော်…
မှာ နိုင်ငံနဲ့ပြည်သူ အကျိုးစီးပွား ပျက်စီ…
အရာ လုံးဝမပါဘူး။ ကျွန်တော်ပြေ…

နောက်ပြီး ကျွန်တော်တို့နိုင်ငံတော…
အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတ…

လက်ရှိအစိုးရက အမျိုးသားရေးလမ်းညွှန်မူဝါဒအဖြစ် ချမှတ်ထားတဲ့ ဒို့တာဝန်အရေးသုံးပါးဆိုတာ ပါတီတစ်ရပ်၊ လူမျိုးတစ်မျိုး၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် မူတည်ချမှတ်ထားတာမျိုး မဟုတ်ဘူး။ ဘယ်ပါတီပဲဖြစ်ဖြစ်၊ ဘာလူမျိုးပဲဖြစ်ဖြစ်၊ ဘယ်ပုဂ္ဂိုလ်အတွက်ဖြစ်ဖြစ် ဘယ်သူ့အတွက်မဆို အားလုံးအတွက် အမြဲတမ်းလိုအပ်နေပြီး အမြဲတမ်း မှန်ကန်နေမယ့် အရေးတွေပဲဖြစ်နေတယ်။ ပြည်ထောင်စုမပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲအောင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် အစဉ်တစိုက် ကြိုးပမ်းနေကြရမှာပဲ။ ဒီအရေးသုံးပါးဟာ ပြည်သူအားလုံးအတွက် အမြဲမှန်ကန်နေမှာပဲ။ ဒါကို လက်မခံနိုင်ပါဘူးဆိုတဲ့ ပါတီဖြစ်စေ၊ လူမျိုးဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ ရှိလာခဲ့ရင် အဲဒီပါတီ၊ လူမျိုး၊ ပုဂ္ဂိုလ်တွေဟာ အမျိုးသားအကျိုးစီးပွားကို ပစ်ပယ်သူတွေသာဖြစ်မှာပဲ။ ဒီတော့ ဒို့တာဝန်အရေးသုံးပါးဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးအတွက် အမြဲမှန်ကန်၊ အမြဲလိုအပ်နေမှာဖြစ်တယ်။ ဒါကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့ ရေရှည်အကျိုးစီးပွားအတွက် ရည်ရွယ်ချမှတ်ထားတယ်ဆိုတာ ထင်ရှားနေပါပြီ။ လက်မခံနိုင်စရာ တစ်လုံးတစ်ပါဒမျှ မရှိဘူးဆိုတာလည်း ထပ်ပြောဖို့ လိုမယ်မထင်တော့ပါဘူး။

အခြါအာဏာ တည်တံ့ခိုင်မြဲအောင် ခင်ဗျားရော၊ ကျွန်တော်ရော၊ ပြည်သူအားလုံးရော အစဉ်တစိုက် ကြိုးပမ်းနေကြရမှာပဲ။ ဒီအရေးသုံးပါးဟာ ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူအားလုံးအတွက် အမြဲမှန်ကန်နေမှာပဲ။ ဒါကိုလက်မခံနိုင်ပါဘူးဆိုတဲ့ ပါတီဖြစ်စေ၊ လူမျိုးဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ ရှိလာခဲ့ရင် အဲဒီပါတီ၊ လူမျိုး၊ ပုဂ္ဂိုလ်တွေဟာ အမျိုးသားအကျိုးစီးပွားကို ပစ်ပယ်သူတွေသာဖြစ်မှာပဲ။ ဒီတော့ ဒို့တာဝန်အရေးသုံးပါးဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး အတွက် အမြဲမှန်ကန်၊ အမြဲလိုအပ်နေမှာဖြစ်တယ်။ ဒါကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့ ရေရှည်အကျိုးစီးပွားအတွက် ရည်ရွယ်ချမှတ်ထားတယ်ဆိုတာ ထင်ရှားနေပါပြီ။ လက်မခံနိုင်စရာ တစ်လုံးတစ်ပါဒမျှ မရှိဘူးဆိုတာလည်း ထပ်ပြောဖို့ လိုမယ်မထင်တော့ပါဘူး။

ဒီလို ဒို့တာဝန်အရေးသုံးပါးကို အလေးအနက်ခံယူပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်သူ့ဆန္ဒနဲ့အညီ ထိရောက်အောင်မြင်မှုရှိစေဖို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းစဉ်အဖြစ် ချမှတ်ဖော်ဆောင်နေတယ်။ ဒီတော့ အဲဒီဦးတည်ချက်(၁၂)ရပ်ကို ခင်ဗျားတို့၊ ကျွန်တော်တို့ သေသေချာချာ သုံးသပ်လေ့လာကြည့်မယ်ဆိုရင် ဒီနေ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူအတွက် လက်တွေ့အကျဆုံး၊ ပကတိအရှိတရားနဲ့ အကိုက်ညီဆုံး၊ အမျိုးသားအကျိုးစီးပွားကို အဖော်ဆောင်နိုင်ဆုံး လုပ်ငန်းစဉ်တွေဖြစ်နေတာကို တွေ့ရမှာဖြစ်တယ်။ ဥပမာအားဖြင့် စီးပွားရေးဦးတည်ချက်(၄)ရပ်ထဲက နောက်ဆုံးအချက်ဖြစ်တဲ့ **“နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး”**ဆိုတဲ့ အချက်ကိုပဲကြည့်။ ဒီ ဦးတည်ချက်က တိုင်းရင်းသားလုပ်ငန်းရှင်တွေ့ရဲ့ ရေရှည်အကျိုးစီးပွားကိုမျှော်ကိုးပြီး ကာကွယ်ပေးထားတယ်ဆိုတာ ထင်ရှားမနေဘူးလား။ နိုင်ငံတော်အနေနဲ့ ဒီလိုမျိုး တိုင်းရင်းသားလုပ်ငန်းရှင်တွေကို ကာကွယ်ပေးမထားဘူးဆိုရင် တိုင်းတစ်ပါးအင်အားကြီးလုပ်ငန်းရှင်တွေက ကျွန်တော်တို့ နိုင်ငံ့စီးပွား တစ်ခုလုံးကို ဝါးမျိုသွားမှာ အသေအချာပဲ။ အဲဒီတော့ ကိုယ့်ပြည်သူ၊ ကိုယ့်တိုင်းရင်းသားလုပ်ငန်းရှင်လေးတွေ စုန်းစုန်းမြုပ်သွားမှာပေါ့။ ဒီလိုအကာအကွယ်ပေးထားတာကို ကျွန်တော်တို့၊ ခင်ဗျားတို့ မြင်တတ်ဖို့ လိုတယ်။ ဒီဥပမာလိုပဲ ကျန်တဲ့ ဦးတည်ချက်များအားလုံးဟာလည်း ဆိုင်ရာကဏ္ဍအလိုက် ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူရဲ့ ရေရှည်အကျိုးစီးပွား အတွက် ရည်မှန်းဖော်ဆောင်ရမယ့် လုပ်ငန်းစဉ်များသာ ဖြစ်တယ်ဆိုတာ စေ့စေ့စပ်စပ် သုံးသပ်လေ့လာကြည့်ရင် ထင်ထင်ရှားရှားကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ **ဦးတည်ချက်(၁၂)ရပ်ဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူများအတွက် အမှန်ကန်ဆုံး၊ အသင့်လျော်ဆုံး လုပ်ငန်းစဉ်များအဖြစ် ဘယ်လိုမှ ငြင်းပယ်လို့မရအောင် ခိုင်မာလေးနက်ပြီး အနှစ်သာရ ပြည့်ဝတယ်လို့ ကျွန်တော်ဆိုချင်တယ်။ ဒီ ဦးတည်ချက်တွေမှာ နိုင်ငံနဲ့ပြည်သူ အကျိုးစီးပွား ပျက်စီးယုတ်လျော့စေမယ့် အကြောင်းအရာ လုံးဝမပါဘူး။ ကျွန်တော်ပြောတာ ဟုတ်ရဲ့လားမသိဘူး။**

နောက်ပြီး ကျွန်တော်တို့နိုင်ငံတော်ရဲ့ ရည်မှန်းချက်ပန်းတိုင်ကိုက အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ဖို့ဖြစ်တယ်။ “အေးချမ်းသာယာ”ဆိုတဲ့စကားရပ်မှာ ပြည်သူ့ဆန္ဒ(၁) အကျုံးဝင်ပြီးဖြစ်သလို “ခေတ်မီဖွံ့ဖြိုးတိုးတက်တယ်”ဆိုတာလည်း ပြည်သူ့ဆန္ဒ(၂)ပဲ မဟုတ်ဘူးလား။ “စည်းကမ်းပြည့်ဝသော”ဆိုတာကတော့ ပြည်သူ့ဆန္ဒ(၃)ကို ကိုယ်စားမပြုနိုင်ဘူးလား။ ဒီလို ခွဲခြမ်းစိတ်ဖြာကြည့်ရင် အဲဒီ “ပန်းတိုင်”ဆိုတဲ့ စကားရပ်မှာကိုက ပြည်သူအများရဲ့ အဓိကဆန္ဒ (၃)ရပ်ကို အလေးထား အကောင်အထည်ဖော်ပေးနေတယ်ဆိုတာ ပေါ်လွင်ထင်ဟပ်ပြီးဖြစ်နေတာကို အားလုံး အသိအမှတ်ပြုနိုင်လိမ့်မယ် ထင်ပါတယ်။

ဒီတော့ တည်ဆဲအစိုးရဟာ အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းစဉ် အဖြစ် အခြေခံလို့ ပြည်သူ့ဆန္ဒ(၃)ရပ် ပြီးပြည့်စုံစေဖို့ အကောင်အထည် ဖော်ပေးနေတယ်ဆိုတာ ကျွန်တော်တို့ လက်ခံနိုင်ပြီ။ အဲဒီလို အကောင် အထည်ဖော်ရာမှာ ဘယ်သူနဲ့လက်တွဲ မှာလဲ။ အစိုးရက ပြည်သူနဲ့ပဲ လက်တွဲနေတာပါ။ အစိုးရနဲ့ပြည်သူ ကြည်ဖြူလက်တွဲပြီး အားကြိုးမာန်တက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြလို့ ဒီနေ့နိုင်ငံတော်ရဲ့ တိုးတက်အောင်မြင်ဖြစ်ထွန်းနေမှုတွေကလည်း လက်ညှိုးထိုးမလွဲ မျက်မြင်ကိုယ်တွေ့ပါပဲ။ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဆက်သွယ်ရေးအပါအဝင် နယ်ပယ်ကဏ္ဍအသီးသီးမှာ အောင်မြင် ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ဘယ်ခေတ်ဘယ်ကာလနဲ့မှ မယှဉ်သာအောင် သီးပွင့်ဝေဆာဖြစ်ထွန်းခဲ့တယ်ဆိုတာ အားလုံးအသိပါ။ ဒီလိုတိုးတက် ဖွံ့ဖြိုးမှုအသီးအပွင့်တွေကိုလည်း ကျွန်တော်တို့၊ ခင်ဗျားတို့ တိုင်းရင်း နွယ်ဖွား ပြည်သူပြည်သားအားလုံး တစ်ပြေးညီ ခံစားခွင့်ရခဲ့ကြတာပဲ မဟုတ်လား။ ရေမြင့်ရင် ကြာတင့်ရမှာပါ။

ကျွန်တော် အရင်က ရေးခဲ့ဖူးသလို လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်လို့ လမ်းတံတားတွေ လက်ယှက်ထိုး ဖောက်လုပ်ဆက်သွယ် ပေးခဲ့တာအစ၊ စိုက်ပျိုးရေးနဲ့ပတ်သက်လို့ ဆည်တမံကြီးတွေ လက်ညှိုး ထိုးမလွဲ ဖန်ဆင်းပေးခဲ့တာအလယ်၊ စက်မှုလုပ်ငန်းနဲ့ပတ်သက်လို့ စက်မှုဇုန်ကြီးတွေ ဖော်ထုတ်အားပေး ပံ့ပိုးပေးခဲ့တာအဆုံး တည်ဆဲ အစိုးရရဲ့ အလုံးစုံသော ပြည်သူ့အကျိုး သယ်ပိုးစွမ်းဆောင်ပေးမှုတွေဟာ တကယ့်ကို အသိအမှတ်ပြု မှတ်တမ်းတင်ထိုက်ပါတယ်။ ဒါကိုပြည်သူ ကလည်း သိပါတယ်။ ကျွန်တော်နိဒါန်းမှာတင်ပြခဲ့တဲ့ အဆိုးမြင် အကြမ်းဖက်ဝါဒီ ဆန့်ကျင်ဘက်အဖွဲ့တွေလည်း မသိမဟုတ်ပါ။ သိသိကြီးနဲ့ပဲ...။ သူတို့အကြောင်း နောက်မှ ကျွန်တော်ဆက်ပါ့မယ်။

တည်ဆဲအစိုးရအနေနဲ့ နိုင်ငံနဲ့ပြည်သူအတွက် ကြိုးစားပမ်းစား လုပ်နေတယ်။ အမျိုးသားရေးမူဝါဒရော၊ ဦးတည်ချက်လုပ်ငန်းစဉ်ရော မှန်နေပြီ။ ရည်မှန်းချက်ပန်းတိုင်ကလည်း ပြည်သူ့ဆန္ဒအစစ်အမှန်နဲ့ ကိုက်ညီပြီး တစ်ထပ်တည်းဖြစ်နေပြီ။ ပြည်သူနဲ့လက်တွဲပြီး ရှေ့ခရီး လည်း ဆက်နေကြပြီ။ ဒီနေ့အခြေအနေမှာ ပြန်သုံးသပ်ရင် အောင်မြင်မှု တွေလည်း အထိုက်အလျောက် ရနေပြီ။ ဒီနေရာမှာအောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာ ပါလီမန်ဒီမိုကရေစီခေတ်နဲ့ ပြန်ယှဉ်ကြည့်မလား၊ လမ်းစဉ်ပါတီခေတ်နဲ့ ပြန်ယှဉ်ကြည့်မလား။ ဒီနေ့ တပ်မတော်အစိုးရ ခေတ်မှာ အရင်နှစ်ခေတ်နဲ့ ဘာမှမဆိုင်အောင် တိုးတက်လာတာတော့ အမှန်ပဲ။ ဒီနေ့ ပစ္စက္ခအခြေအနေပဲ ကောင်းနေတာလားဆိုတာတော့ မဟုတ်သေးဘူး။ အနာဂတ်အတွက် အာမခံချက်ပေးထားပြီး အနာဂတ်အတွက်ပါ ကြိုပြီးတွေးခေါ် မြော်မြင်စဉ်းစားပြီး လုပ်ပေးနေတာ ဘယ်လိုပဲကြည့်ကြည့် မြင်သာပါတယ်။

ဒီနေ့အရှိန်အဟုန်နဲ့ တည်ဆောက်ပေးနေတဲ့ Infrastructure တွေဟာ အနာဂတ်မှာ အဆပေါင်းများစွာ သာလွန်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဆောင်ကြဉ်းပေးနိုင်ဖို့ လမ်းခင်းပေးနေတာပါ။ ဒီလို Infrastructure တွေ မပြည့်စုံဘဲနဲ့ ပါတီစုံ ဒီမိုကရေစီစနစ်ကို ဘယ်လိုမှ အောင်မြင်အောင် တည်ဆောက်နိုင်မှာမဟုတ်ဘူး။ ရှေ့မှာလည်း သင်ခန်းစာတွေ အများကြီးရှိခဲ့ပြီးပါပြီ။ ပြည်သူ့ဆန္ဒက ဒီမိုကရေစီ လိုချင်တယ်ဆိုလို့ ဒီမိုကရေစီ ချက်ချင်းပြောင်းပေးလို့ မရနိုင်ဘူးဆိုတာ အစိုးရက ကြိုတင်မြော်တွေးခဲ့ပါလိမ့်မယ်။ ဒါကြောင့်လည်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းနိုင်ဖို့ လုပ်ပေးနေတာပါ။ ဒါကို ကျွန်တော်တို့ သဘောပေါက်နားလည်ဖို့ လိုပါလိမ့်မယ်။

အစိုးရအနေနဲ့ ပြည်သူက လိုချင်တယ်ဆိုတာနဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းပေးခဲ့ပြီးပါပြီ။ အဲဒီလိုပြောင်းရာမှာလည်း ငိုတဲ့ကလေး အငိုတိတ်အောင် “ဒီလောက်တောင်ဖြစ်တာ––ရော့၊ စားပြီး ဖြစ်ချင်ရာဖြစ်” ဆိုပြီး တည့်တာရော၊ မတည့်တာရော ရှိတဲ့မုန့် အကုန်ချကျွေးခဲ့တာမဟုတ်ပါဘူး။ ကျွေးသင့်တဲ့မုန့်ကို ကျွေးသင့်တဲ့အချိန်မှာ စနစ်တကျစီမံပြီး လုပ်ပေးခဲ့တာပါ။ “ရော့–ဈေးကွက်စီးပွားရေး”ဆိုပြီး ဖွင့်ပေးလိုက်ရင် ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးကို တစ်ပါးသူက ဝါးမျိုသွားမှာပါ။ ဒီတော့ ဈေးကွက်စီးပွားရေးဆိုပေမယ့် သူလည်း ဒီမိုကရေစီလိုပဲ စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် အသားကျလာအောင် လုပ်ပေးနေတာဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးရဲ့ သဘောတရားအရ အမြတ်အစွန်းဆိုတာကို ရှေးရှုကြမြဲဖြစ်ပေမယ့် အစိုးရကတော့ ပြည်သူအများသက်သာချောင်ချိစေရေးအတွက် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်ဖြင့် ကဏ္ဍအတော်များများမှာ အဘက်ဘက်က အရှုံးခံပြီး နိုင်ငံတော်ဘဏ္ဍာကနေ ငွေကြေးအမြောက်အမြား စိုက်ထုတ်ကျခံ သုံးစွဲပေးခဲ့ပါတယ်။ စက်သုံးဆီကဏ္ဍနဲ့ ပတ်သက်ပြီးတော့လည်း ပြည်တွင်းသုံးစွဲဖို့ စက်သုံးဆီတွေကို ပြည်ပက ဝယ်ယူတင်သွင်းပြီး ပြည်သူအများ သက်သက်သာသာ ချောင်ချောင်ချိချိ ဝယ်ယူသုံးစွဲနိုင်ပါစေဆိုတဲ့ အပြုသဘောစေတနာနဲ့ နိုင်ငံတော်က စိုက်ထုတ်အရှုံးခံပြီး ဖြန့်ဖြူးရောင်းချပေးလာခဲ့တာ နှစ်ပေါင်းမနည်းတော့ပါဘူး။ အဲဒီတုန်းကတော့ ကျွန်တော်တို့၊ ခင်ဗျားတို့ အားလုံး အစိုးရက အရှုံးခံ ရောင်းပေးနေမှန်းတောင် မသိခဲ့ကြသလို ကမ္ဘာ့လောင်စာဆီဈေးနှုန်းတွေ ဘာတွေဆိုတာလည်း ကိုယ်နဲ့မဆိုင်သလို နေခဲ့ကြတာပါ။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲**

တည်ဆဲအစိုးရအနေနဲ့ နိုင်ငံနဲ့ ပြည်သူအတွက် ကြိုးစားပမ်းစား လုပ်နေတယ်။ အမျိုးသားရေးမူဝါဒရော၊ ဦးတည်ချက်လုပ်ငန်းစဉ်ရော မှန်နေပြီ။ ရည်မှန်းချက်ပန်းတိုင်ကလည်း ပြည်သူ့ဆန္ဒအစစ်အမှန်နဲ့ ကိုက်ညီပြီး တစ်ထပ်တည်းဖြစ်နေပြီ။ ပြည်သူနဲ့ လက်တွဲပြီး ရှေ့ခရီးလည်း ဆက်နေကြပြီ။ ဒီနေ့အခြေအနေမှာ ပြန်သုံးသပ်ရင် အောင်မြင်မှုတွေလည်း အထိုက်အလျောက် ရနေပြီ။ ဒီနေရာမှာအောင်မြင်တယ်၊ မအောင်မြင်ဘူး ဆိုတာ ပါလီမန်ဒီမိုကရေစီခေတ်နဲ့ ပြန်ယှဉ်ကြည့်မလား၊ လမ်းစဉ်ပါတီ ခေတ်နဲ့ ပြန်ယှဉ်ကြည့်မလား။ ဒီနေ့ တပ်မတော်အစိုးရခေတ်မှာ အရင် နှစ်ခေတ်နဲ့ ဘာမှမဆိုင်အောင် တိုးတက်လာတာတော့ အမှန်ပဲ။

ဒီနေ့အရှိန်အဟုန်နဲ့ တည်ဆောက်ပေးနေတဲ့ Infrastructure တွေဟာ အနာဂတ်မှာ အဆပေါင်းများစွာ သာလွန်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဆောင်ကြဉ်းပေးနိုင်ဖို့ လမ်းခင်းပေးနေတာပါ။ ဒီလို Infrastructure တွေ မပြည့်စုံဘဲနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဘယ်လိုမှ အောင်မြင်အောင် တည်ဆောက်နိုင်မှာမဟုတ်ဘူး။ ရှေ့မှာလည်း သင်ခန်းစာတွေ အများကြီးရှိခဲ့ပြီး ပါပြီ။ ပြည်သူ့ဆန္ဒက ဒီမိုကရေစီလိုချင်တယ်ဆိုလို့ ဒီမိုကရေစီ ချက်ချင်း ပြောင်းပေးလို့ မရနိုင်ဘူးဆိုတာ အစိုးရက ကြိုတင်မြော်တွေးခဲ့ပါလိမ့်မယ်။ ဒါကြောင့်လည်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်း နိုင်ဖို့ လုပ်ပေးနေတာပါ။ ဒါကို ကျွန်တော်တို့ သဘောပေါက်နားလည်ဖို့ လိုပါလိမ့်မယ်။

ကျွန်တော်တို့ယုံကြည်တဲ့ ဒီမိုကရေစီက အနောက်ပုံတူကူး ဒီမိုကရေစီမဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိဖြစ်တည်ခဲ့တဲ့ သမိုင်းအခြေခံ၊ လက်ရှိ တည်ရှိနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားအရေး စတာတွေနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဒီမိုကရေစီမျိုး။ ဒီလိုမျိုးဖြစ်စေချင်တာ။ ဒီမိုကရေစီရေးဇောကပ်ပြီး ပကတိအရှိတရားထက် ကျော်ပြီးတော့ လုပ်လို့မရဘူး။ စိတ်ကူးယဉ်သက်သက်နဲ့ တစ်ဇွတ်ထိုး တောင်းနေလို့မရဘူး။ ဒါကို ဒီနေ့အစိုးရ သိတယ်။ သိတော့ ထိန်းပေးတယ်။ ဒီလိုထိန်းပေးနေတာကိုလည်း ပြည်သူက ယုံကြည်တယ်။

ဒီနေ့ အမျိုးသားညီလာခံက အခြေခံမူတွေ ချမှတ်ပြီးသွားတာဟာ ဒီမိုကရေစီဖော်ဆောင်မှုရဲ့ အပြီးသတ် [End] မဟုတ်ဘူး။ ဆက်ပြီး အဆင့်ဆင့် ကျင့်သုံးအကောင်အထည်ဖော်နေရမယ့် လုပ်ငန်းစဉ် [Process]ရဲ့ အစသာဖြစ်တယ်။ ဒါကို ကျွန်တော်တို့မြင်တယ်၊ လက်ခံနိုင်တယ်။ ဒီမိုကရေစီရဲ့ သဘောသဘာဝနဲ့အညီ ပြည်သူက လက်တွေ့ကျင့်သုံးရင်း တဖြည်းဖြည်းရင့်ကျက်လာမယ်။ အဲဒီလို ရင့်ကျက်လာတာနဲ့အမျှ ဒီမိုကရေစီရဲ့ အနှစ်သာရတွေ ပြည့်ဝလာပြီး ညင်ညင်သာသာနဲ့ ကူးပြောင်းတိုးတက် အကောင်အထည်ဖော်သွားနိုင်မယ်။ ဒါကို ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူက ယုံကြည်တယ်။

▲ **စာမျက်နှာ ၉ ဆောင်းပါးမှအဆက်**

အခုတော့ ကမ္ဘာ့လောင်စာဆီဈေးနှုန်းဆိုတာကြီးက အဆမတန် တက်လာတော့ ပြည်တွင်းမှာ အရှုံးခံပြီး ဝယ်ယူဖြန့်ဖြူးပေးနေရတဲ့ အစိုးရအနေနဲ့ စက်သုံးဆီအတွက် စိုက်ထုတ်အရှုံးခံ သုံးစွဲနေရတဲ့ ဘဏ္ဍာငွေဆုံးရှုံးမှုကလည်း မတရားများလာ၊ တစ်ဖက်ကလည်း ခင်ဗျားတို့၊ ကျွန်တော်တို့ရဲ့ အနာဂတ်အတွက် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတွေမှာ စိုက်ထုတ်ကျခံ သုံးစွဲရတဲ့စရိတ်ကလည်း အရမ်းကြီးလာဆိုတော့ နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှု နည်းနည်းသက်သာ သက်သာဆိုပြီး စက်သုံးဆီဈေးနှုန်းကို မြှင့်လိုက်ရပါပြီ။ ဒါပေမယ့် နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှု သက်သာရေးကိုပဲမကြည့်ဘဲ တစ်ဖက်က ပြည်သူအနေနဲ့လည်း တိုးမြှင့်လိုက်တဲ့ စက်သုံးဆီဈေးနှုန်းကြောင့် ထိခိုက်နစ်နာမှု သက်သာရလေအောင် နှစ်ဘက်မျှတချိန်ဆပြီး စက်သုံးဆီဈေးနှုန်းကို သင့်တင့်မျှတတဲ့ အတိုင်းအတာတစ်ခုအထိပဲ တိုးမြှင့်ခဲ့တာပါလို့ ဆိုပါတယ်။ ဒီလိုတိုးမြှင့်ပြီးတဲ့ ဈေးနှုန်းကတောင် တခြားနိုင်ငံတွေက ဈေးနှုန်းနဲ့စာရင် ထက်ဝက်လောက် သက်သာနေပါသေးတယ်။ ဒီနေ့ စက်သုံးဆီနဲ့ ပတ်သက်ပြီး မျက်စိပွင့် နားစွင့်ဖြစ်လာတဲ့ ကျွန်တော်တို့အားလုံးလည်း သတင်းစာ၊ ဂျာနယ်တွေကတစ်ဆင့် ပြည်ပဈေးနှုန်းတွေကအစ သိလာကြပြီဆိုတော့ အဲဒါတွေနဲ့နှိုင်းယှဉ်ပြီး အစိုးရရဲ့ ဒီကိစ္စအပေါ် တကယ့်ကို ကြည်ကြည်လင်လင်နဲ့ နားလည်ပေးနိုင်ခဲ့ပြီမဟုတ်လား။ ဒါ့အပြင် အခုလို ဈေးနှုန်းတိုးမြှင့် သတ်မှတ်ပေးလိုက်ခြင်းဟာ နိုင်ငံတော်အနေနဲ့ အမြတ်အစွန်းရယူဖို့ လုံးဝမဟုတ်ဘဲ ပြည်သူ့ဘဏ္ဍာကနေ အရှုံးခံ စိုက်ထုတ်သုံးစွဲနေရတာ နည်းနည်းသက်သာသွားရုံလေး လုပ်ခဲ့တယ်ဆိုတာလည်း ကျွန်တော်တို့အားလုံး လက်ခံနိုင်ခဲ့ပါပြီ။

ကဲ…ဒါဆိုရင် နိုင်ငံရေးဘက်နည်းနည်းကြည့်ကြရအောင်။ အစိုးရအနေနဲ့ ပြည်သူလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးနိုင်အောင် မရှိမဖြစ် လိုအပ်နေတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ပေးနေတယ်ဆိုတာ ထင်းထင်းကြီး တွေ့ရမှာပါ။ ဒါဘယ်သူမှမငြင်းနိုင်ပါဘူး။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်ရမယ့် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများ ညှိနှိုင်းဆုံးဖြတ် ချမှတ်နိုင်ဖို့အတွက် ၁၉၉၃ ခုနှစ်ကစပြီး အမျိုးသားညီလာခံကို ကျင်းပခဲ့တယ်။ ကျွန်တော်တို့၊ ခင်ဗျားတို့ သိပြီးဖြစ်တဲ့အတိုင်း NLD ပါတီဟာ မူလက အမျိုးသားညီလာခံမှာ ပူးပေါင်းပါဝင် တက်ရောက်ခဲ့ပေမယ့် ၁၉၉၅ ခုနှစ်မှာ ပါတီခေါင်းဆောင် ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ ညီလာခံကနေ ကျောခိုင်းထွက်ခွာသွားခဲ့တယ်။ ၁၉၉၆ ခုနှစ်မှာ အမျိုးသားညီလာခံကို ယာယီအားဖြင့် ရပ်ဆိုင်းထားခဲ့ရတယ်။ ဟုတ်တယ်မဟုတ်လား။

ဒါပေမယ့် နိုင်ငံတော်အစိုးရဟာ အမျိုးသားရေးပန်းတိုင်ကို မျက်ခြည်ပြတ်မခံခဲ့ဘူး။ ၂၀၀၃ ခုနှစ်မှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်တယ်။ တိုင်းသိပြည်သိ၊ ကမ္ဘာသိ ကြေညာတယ်။ နောက် ၂၀၀၄ ခုနှစ်မှာ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့တယ်။ ဒါကြောင့် အခုဆိုရင် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီမဟုတ်လား။ ရှေ့ဆက်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ပန်းတိုင်အရောက် ဆက်လျှောက်သွားကြရမှာပါ။ နိုင်ငံတော်အစိုးရနဲ့ပြည်သူ လက်တွဲညီညွတ်ပြီး ဒီအရှိန်အဟုန်အတိုင်းသာ ဆက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုရင် ပြည်သူ့ဆန္ဒနဲ့အညီ ဖော်ဆောင်နေတဲ့ နိုင်ငံတော်ရဲ့မူဝါဒတွေ၊ ဦးတည်ချက်လုပ်ငန်းစဉ်တွေအားလုံးဟာ ကာလတိုအတွင်း အောင်မြင်မှု ရရှိနိုင်မှာ မြေကြီးလက်ခတ်မလွဲ မဟုတ်လား။

အစိုးရအနေနဲ့က ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာနဲ့ အနှစ်သာရရှိရှိ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်စေဖို့ (၁)နိုင်ငံတော်မှာ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိရမယ်၊ (၂)နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိရမယ်၊ (၃)ဒီမိုကရေစီကို ကိုင်တွယ်ကျင့်သုံးမယ့် ပြည်သူတစ်ရပ်လုံးရဲ့ အသိဉာဏ်ဗဟုသုတ ရင့်ကျက်ရမယ်လို့ခံယူပြီး ဒီအခြေအနေသုံးရပ်နဲ့ အမြန်ဆုံး ပြည့်စုံညီညွတ်အောင် လုပ်ပေးနေတာ အထင်အရှားပါ။ ဒါလည်း မှန်တယ်လို့ ကျွန်တော်ထောက်ခံတယ်။ ဒီသုံးချက်မပြည့်စုံခဲ့လို့ ၁၉၄၈–၆၂ ပါလီမန် ဒီမိုကရေစီစနစ် မအောင်မြင်ခဲ့ဘူး။ ကိုလိုနီနယ်ချဲ့ရဲ့ ဆိုးမွေကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အဘက်ဘက်က နိမ့်ကျနေပြီး ရန်ကုန်အစိုးရလို့ နောက်ပြောင်ခံရတဲ့အထိ နယ်မြေအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှု ပျက်ယွင်းနေတဲ့အခြေအနေမျိုးမှာ ဘယ်လိုအစိုးရမျိုးက ဒီမိုကရေစီဆိုတာကို အောင်မြင်အောင် ကိုင်တွယ်ကျင့်သုံးနိုင်မှာလဲ။ ဒါကို သင်ခန်းစာယူနိုင်ရင် တည်ဆဲအစိုးရရဲ့ အပြုသဘောဆောင်တဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့၊ ခင်ဗျားတို့ လက်ခံကြရမှာပေါ့။ ကောင်းအောင်လုပ်နေတာမှန်း သိနေတာပဲ။

ဒီနေရာမှာ ကျွန်တော်တို့ ယုံကြည်တဲ့ ဒီမိုကရေစီက အနောက်ပုံတူကူး ဒီမိုကရေစီမဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိဖြစ်တည်ခဲ့တဲ့ သမိုင်းအခြေခံ၊ လက်ရှိ တည်ရှိနေတဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားအရေး စတာတွေနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဒီမိုကရေစီမျိုး။ ဒီလိုမျိုးဖြစ်စေချင်တာ။ ဒီမိုကရေစီရေးဇောကပ်ပြီး ပကတိအရှိတရားထက် ကျော်ပြီးတော့ လုပ်လို့မရဘူး။ စိတ်ကူးယဉ်သက်သက်နဲ့ တစ်ဇွတ်ထိုး တောင်းနေလို့မရဘူး။ ဒါကို ဒီနေ့အစိုးရသိတယ်။ သိတော့ ထိန်းပေးတယ်။ ဒီလိုထိန်းပေးနေတာကိုလည်း ပြည်သူကယုံကြည်တယ်။ ဒါက ကျွန်တော်တို့ရဲ့ ဒီဘက်အခြေအနေ။

ဒီနေ့ အမျိုးသားညီလာခံက အခြေခံမူတွေ ချမှတ်ပြီးသွားတာဟာ ဒီမိုကရေစီဖော်ဆောင်မှုရဲ့ အပြီးသတ် [End] မဟုတ်ဘူး။ ဆက်ပြီး အဆင့်ဆင့် ကျင့်သုံးအကောင်အထည်ဖော်နေရမယ့် လုပ်ငန်းစဉ် [Process]ရဲ့အစသာဖြစ်တယ်။ ဒါကို ကျွန်တော်တို့မြင်တယ်၊ လက်ခံနိုင်တယ်။ ဒီမိုကရေစီရဲ့ သဘောသဘာဝနဲ့အညီ ပြည်သူက လက်တွေ့ကျင့်သုံးရင်း တဖြည်းဖြည်းရင့်ကျက်လာမယ်။ အဲဒီလို ရင့်ကျက်လာတာနဲ့အမျှ ဒီမိုကရေစီရဲ့ အနှစ်သာရတွေ ပြည့်ဝလာပြီး ညင်ညင်သာသာနဲ့ ကူးပြောင်းတိုးတက် အကောင်အထည်ဖော်သွားနိုင်မယ်။ ဒါကို ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူက ယုံကြည်တယ်။ အလေးအနက်ကို ယုံကြည်ခံယူထားတယ်။ မယုံပါဘူးဆိုတဲ့သူတွေ ဘာလို့မယုံတာလဲ၊ ဘာလို့ လက်မခံနိုင်ကြတာလဲ။ နောက်ပိုင်းမှာ ကျွန်တော်အဖြေပေးပါ့မယ်။

ဆက်ရရင် ဒီနေ့အစိုးရဟာ ပြည်သူ့ဆန္ဒဦးစားပေးပြီး နိုင်ငံတော်နဲ့ ပြည်သူအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းဆောင်နေပါတယ်။ ဒါ ဟုတ်သလား၊ မဟုတ်ဘူးလား ခင်ဗျားတို့စဉ်းစား။ ဒီလိုထမ်းဆောင်ရာမှာလည်း ဒေါ်စုကြည်နဲ့ NLD ရဲ့ အတို့အထောင်ကောင်းမှုကြောင့် စီးပွားရေးပိတ်ဆို့မှုတွေနဲ့၊ အခက်အခဲ အကျပ်အတည်းမျိုးစုံနဲ့ ကြုံခဲ့ရသလား၊ မကြုံခဲ့ရဘူးလား ကျွန်တော်တို့၊ ခင်ဗျားတို့အသိ။ ဒါပေမယ့် ဒီလိုပိတ်ဆို့မှု၊ အခက်အခဲအကျပ်အတည်းတွေကြားထဲကပဲ အစိုးရက ဦးဆောင်၊ ပြည်သူကနောက်ကပါပြီး ကြံ့ကြံ့ခိုင်ခိုင် ညီညီညွတ်ညွတ် ရင်ဆိုင်တွန်းလှန် ကျော်လွှားနိုင်ခဲ့ကြတာ မဟုတ်ဘူးလား။ ဒါကြောင့် ဒီနေ့ ဒီအခြေအနေရောက်လာတာ မဟုတ်ဘူးလား။ ဒီနေ့ ဒီအဆင့်ရောက်လာဖို့ ဘယ်ပါတီတွေက ကူခဲ့သလဲ။ ဘယ်ပါတီခေါင်းဆောင်ကဘာတွေအကျိုးပြုခဲ့သလဲ။ ထစ်ခနဲရှိ ဖျက်ဖို့ပဲ စဉ်းစားကြံစည်နေတဲ့ အဆိုးမြင် အကြမ်းဖက်ဝါဒီတွေရဲ့ကြားထဲကနေ ကျွန်တော်တို့၊ ခင်ဗျားတို့ ကိုယ့်ခွန်ကိုယ့်အားနဲ့ရင်းပြီး ယူခဲ့ရတဲ့ ရလဒ်တွေ၊ အသီးအပွင့်တွေ မဟုတ်ဘူးလား။ ခင်ဗျားတို့အားလုံး သိပါတယ်။ သိသိကြီးနဲ့ ခင်ဗျားတို့၊ ကျွန်တော်တို့ နွဲ့ဆိုးဆိုးနေဖို့တော့ မသင့်ဘူးပေါ့။

ချုပ်ပြီးပြောပါ့မယ်။ ကျွန်တော် အခုပြောနေတာတွေဟာ အစိုးရဘက်က ရပ်တည်ပြီးပြောနေတာလို့ ခင်ဗျားတို့ ထင်ကောင်းထင်မယ်။ အဲဒီလိုထင်ရင် ကျွန်တော်ငြင်းမယ်။ ကျွန်တော်မြင်တဲ့အတိုင်း၊ အရှိအတိုင်း အမှန်ကိုပြောနေတာ။ မှန်တာကို အမှန်အတိုင်းပြောနေတာ။ ဒါကိုတော့ လက်ခံရမယ်။ ကျွန်တော် ဒီအစိုးရကောင်းပါတယ်မပြောဘူး။ ကောင်းတယ်၊ ဆိုးတယ် ခင်ဗျားတို့ ကိုယ့်ဟာကိုယ်ဆုံးဖြတ်။ အားလုံးမှာ ဆုံးဖြတ်နိုင်တဲ့ ဦးနှောက်နဲ့ ခံစားနိုင်တဲ့ နှလုံးသားကိုယ်စီ ရှိကြတာပဲ။ ခင်ဗျားတို့နှလုံးသားနဲ့ခံစား၊ ဦးနှောက်နဲ့တွေး၊ ပြီးရင် အမှန်အတိုင်း ဆုံးဖြတ်။ ကျွန်တော်ကတော့ တည်ဆဲအစိုးရ စင်းလုံးချော ကောင်းပါတယ်လို့ မပြောဘူး။ သူတို့မှာလည်း အားနည်းတာတွေ ရှိနိုင်တာပဲ။

ကျွန်တော်နားလည်သလိုပြောရရင် လူမှန်ရင်၊ ပုထုဇဉ်မှန်ရင် အမှားနဲ့ မကင်းနိုင်ကြဘူး။ ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘုရားရှင်မှတစ်ပါး အမှားကင်းတဲ့ ပုဂ္ဂိုလ်ဆိုတာ မရှိနိုင်ဘူး။ ဒါကြောင့် ဘယ်အစိုးရ၊ ဘယ်ပါတီ၊ ဘယ် ပုဂ္ဂိုလ်မှ အားလုံးမမှန်နိုင်ဘူး။ အလားတူ အားလုံးလည်း မကောင်းနိုင်ဘူး။ တည်ဆဲအစိုးရလည်း အမှားမကင်းဘူး။ စင်းလုံးချောမကောင်းဘူး။ သူ့မှာ အပြစ်အနာအဆာ ထောက်စရာတွေ၊ အားနည်းချက်တွေရှိမယ်။

ဒါပေမယ့် **ဒီနေ့သူလုပ်နေတာ အများစုကောင်းသလား၊ သူလုပ်နေတာ အများစုမှန်သလား၊ ဒါပဲစဉ်းစားရမယ်။ သူ့မူဝါဒတွေ၊ ဦးတည်ချက်တွေ၊ လုပ်ငန်းစဉ်တွေမှန်တယ်၊ ကောင်းတယ်။ အဲဒီအပေါ်အခြေခံပြီး သူသွား နေတာ၊ သူလုပ်နေတာ အများစုကောင်းတယ်၊ အများစုမှန်တယ်။ ပြည်သူ့ဆန္ဒအစစ်အမှန်ကို သူလေးစားပြီး လုပ်ပေးနေတာကောင်းတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် နိုင်ငံနဲ့ပြည်သူအပေါ်ထားတဲ့ စေတနာ မှန်ကိုမှန်တယ်။ ဒါကျွန်တော်တို့ ယုံတယ်။ စေတနာမှန်သော်ငြား လုပ်နည်းလုပ်ဟန်မှားတာ ရှိကောင်းရှိမယ်။ မမှားပေမယ့် ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအမြင် မရင့်ကျက်သေးတာ၊ ဈေးကွက်စီးပွားရေးသဘော နားမလည်နိုင်သေးတာကြောင့် မှားတယ်လို့ ထင်မြင်နေတာတွေလည်း ရှိကောင်းရှိမယ်။ ဘာပဲဖြစ်ဖြစ် မျက်မှန်စိမ်းမတပ်ဘဲ ပကတိမျက်စိ ကြည်ကြည်လင်လင် မှန်မှန်ကန်ကန် အနုလုံပဋိလုံ ကြည့်ပြီး မျှမျှတတ ချိန်ထိုးသုံးသပ်ကြည့်စမ်းပါ။ ဘာအဖြေပေါ်လာမလဲ။ လက်ရှိအစိုးရ ကောင်းသလား၊ မကောင်းဘူးလား၊ ဒီနေ့ လုပ်နေတာတွေ အများစု မှန်သလား၊ မှားသလား။ အဖြေမှန်က မြင်သာပါတယ်။**

ကောင်းတာများရင် ကောင်းတယ်လို့ သတ်မှတ်ရမှာပါပဲ။ ဒီလိုပဲ မှန်တာများရင် မှန်တယ်လို့ သတ်မှတ်ရမှာပါ။ စာမေးပွဲဖြေသလို ပေးမှတ် ၁၀၀ မှာ ၄၀ ရရင် အောင်မယ် သတ်မှတ်ကြည့်စမ်းပါ။ လက်ရှိအစိုးရ အမှတ်ဘယ်လောက် ရနိုင်မလဲ။ အမှတ် ၇၀ လား၊ ၈၀ လား ကျွန်တော်မပြောလိုဘူး။ ဒါပေမယ့် ကျွန်တော့်အမြင်အရတော့ လက်ရှိအစိုးရ စာမေးပွဲအောင်တယ်။ အမှတ်ပြည့်မရပေမယ့် ဂုဏ်ထူးရနိုင်တယ်။ ကျွန်တော် ဒီလိုပဲမြင်တယ်။

ကဲ…ဒီလိုအခြေအနေမှာ ပြည်သူအများ အကျိုးဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ မကောင်းဘူးလား။ ဒါပေမယ့် ဒီလိုဖြစ်မလာဘူး။ အဆိုးမြင် ဆန့်ကျင်ဘက်တွေက ပြည်သူ့အကျိုးဆိုတာကို ဘေးဖယ်ပြီး အလုံးစုံ ပျက်သုဉ်းအောင် ပူးပေါင်းကြံစည် လုပ်ဆောင်လာခဲ့ကြတယ်။ ဒီအကြောင်းတွေကို အပိုင်း(၂)မှာ ဆက်ပါဦးမယ်။ ။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သော သက်ငယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သက်ငယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပရာ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၏ဇနီး ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သန်းသန်းနွဲ့၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၏ ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးများ၊ ဆုရကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သန်းသန်းနွဲ့က ဂုဏ်ပြုဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အထက(၂)ပုသိမ်မှ မဝါဝါမြင့်၊ အထက(၆)ပုသိမ်မှ မဝတ်ရည်နန္ဒာမောင်၊ အထက(၆)ပုသိမ်မှ မဆုမြတ်မွန်၊ အထက(၆)ပုသိမ်မှ မအိအိမွန်၊ အထက(၄)ဟင်္သာတမှ မမေမြတ်သူ၊ အထက (၁)မြောင်းမြမှ မဆုမျက်သွယ်၊ အထက(၁)မြောင်းမြမှ မရီမာအောင်၊ အထက(ဓနုဖြူ)မှမနမ့်မီမီဆိုင်၊ အထက (၁)ဖျာပုံမှ မအေးဆုမွန်စိုး၊ အထက (၁)ကျိုက်လတ်မှ မခိုင်မွန် မွန်ကျော်၊ အထက(၁) ကျိုက်လတ်မှ မထက်ထက်တို့အား ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်သန်းသန်းနွဲ့က ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ခဲ့ပြီး ဆုရကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးသည်။

၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ သက်ငယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၁ဦး ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂုဏ်ပြုဆုချီးမြှင့်

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သန်းသန်းနွဲ့ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် သက်ငယ်အမျိုးသမီးရေးရာ အဖွဲ့ဝင် ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အိပ်ချ်အိုင်ဗွီပိုး ကာကွယ်တားဆီးရေးဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၅

ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်ခြင်းမှ ကာကွယ်တားဆီးခြင်း ဆရာဖြစ်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ Panda Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့် နှင့် တာဝန်ရှိသူများ၊ အင်းစိန်၊ ကြည့်မြင်တိုင်၊ ရွှေပြည်သာ၊တိုက်ကြီး၊ သာစည်၊ ကြို့ပင်ကောက်၊ ဒိုက်ဦး၊ အုတ်တွင်း၊ မြန်အောင်၊ ရေကြည်မြို့နယ်များမှ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ လက်ထောက်ဆရာဝန်များ၊ မြို့နယ်သူနာပြုဆရာမကြီးများ၊ မြို့နယ်ကျန်းမာရေးမှူးများ၊ သင်တန်းသား ၄၃ဦးတို့ တက်ရောက်ကြသည်။ အဆိုပါသင်တန်းကို စက်တင်ဘာ ၂၄ ရက်မှစ၍ စက်တင်ဘာ ၂၇ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကို စက်တင်ဘာ ၂ ရက်ကလမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်းအတွင်းရှိ ကျောက်ပန်းတောင်းစာသင်တိုက်၌ပြုလုပ်ရာ ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဇနက္က အမှူးပြုသည့် သံဃာတော်များအား အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သော အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ဝမ်းတွင်းမြို့နေ စိန်သရဖူနှင့်ပေါ်ပြူလာ ချည်ချောလုံချည် အထည်စက် လုပ်ငန်းပိုင်ရှင် ဦးတိုး-ဒေါ်သျှမ်းမိသားစုက ပဲခူးဆရာတော်ရှေ့မှောက်၌ အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ အမှူဆောင် ဦးညီညီက လက်ခံယူစဉ်။ (က-ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း တည်ဆောက်ပြုပြင်မှု လုပ်ငန်းများအတွက် စက်တင်ဘာ ၁၈ ရက်က အလှူရှင် မော်လမြိုင်မြို့ ဈေးကြီးတောင်ပေါ်တန်းရပ် အမှတ်(၂) ပဲဆီရုံလမ်းနေ မွေးနေ့အထိမ်းအမှတ်အဖြစ် ဒေါ်ကောက်ပို့မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုမင်း လက်ခံယူစဉ်။ (က-ပ)

လက်ခံရယူ

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ(ရွှေသီဂီရတနာဓမ္မာရုံ၊ အမှတ် ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နေ ဦးချစ်ထွေး၊ ဒေါ်ခင်ညွန့်၊ သား၊ သမီး၊ မြေးတစ်စုက ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

2007

INTERNATIONAL DAY OF OLDER PERSONS
1st OCTOBER 2007

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့
၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့

"TOWARDS A SOCIETY FOR ALL AGES"
"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၉-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကိုယ့်အချစ်ဆုံး (အပိုင်း-၁၀)**
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	English Usage
	၁၈။	ဗွီစီဒီကျော်ကြားတေးများ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဒဏ်ရာများနှင့်နှလုံးသား (အပိုင်း-၃)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

၂၀၀၇ ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု မော်လမြိုင်ဇုန်၌ တပ်မတော်(ရေ) အသင်းက ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အသင်းကို ငါးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ) အုပ်စု ပုသိမ်ဇုန်၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၅၅) ခြေမြန်တပ်မ ဌာနချုပ်အသင်းကို လေးဂိုး – သုံးဂိုးဖြင့်လည်းကောင်း၊ (ဂ) အုပ်စု မုံရွာဇုန်၌ တပ်မတော်(လေ) အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု မန္တလေးဇုန်၌ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု တောင်ငူဇုန်၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်းအသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဏ္ဍိတလမ်း ဖြိုးမိုးသိခ်ဓာတ်ပုံ–ဗီဒီယိုစတူဒီယိုတွင် စက်တင်ဘာ ၂၄ရက်က ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)အား အမှတ်(၁) ရေနံချောင်း အထက်တန်းကျောင်း(ရွှေပါရမီဆောင်) ဆောက်လုပ်ရန် ငွေကျပ်တစ်သိန်းနှင့် ဆရာတော်၏ ဓာတ်ပုံကြီးတစ်ပုံ၊ ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ်–အင်းမ)အား ဓမ္မစာပေထုတ်ဝေရေးအတွက် ငွေကျပ်တစ်သိန်းကို အလှူရှင်ဦးကျော်မြင့်သန်းနှင့် ဇနီး ဒေါ်လှကြည်၊ သားကြီး အေးဇော်မျိုးနှင့်ဇနီး၊ မွေးနေ့ရှင် အေးဇော်မိုး(စက်မှု)၊ သားမောင်ညီညီ၊ သမီး မဝင်းမင်းအေးတို့ ဆက်ကပ်လှူဒါန်းစဉ်။ (၄၃)

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်သို့ အလှူငွေကျပ် ၁၅သိန်းနှင့် ပြိုင်ပွဲဝင်များအတွက် ဝတ်စုံများပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် လက်ခံစဉ်။ (ခြင်းလုံးအဖွဲ့ချုပ်)

မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်မြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် မြန်မာ့ရိုးရာ ခြင်းလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများက အားကစား သစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်သို့ အလှူငွေကျပ် ၁၅သိန်းနှင့် ပြိုင်ပွဲဝင်အသင်းများအတွက် ဝတ်စုံများကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံသည်။

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌသည် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲတိုင်းတွင် အလှူငွေများကို ပေးအပ်ကြောင်းသိရသည်။

ထို့နောက် ဖွင့်ပွဲနေ့ ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပသည်။ ယင်းပြိုင်ပွဲကို စက်တင်ဘာ ၂၉ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီတွင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ကိုးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ (ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

လွယ်အိတ်ကြီးသတင်းဆောင်းပါးဂျာနယ် အတွဲ(၁) အမှတ်(၂၄)ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၂၅

လွယ်အိတ်ကြီးသတင်းဆောင်းပါးဂျာနယ်တွင် ဂျပန်ဘာသာစကားပြောကျွမ်းကျင်မှု စာမေးပွဲကျင်းပမည်၊ မော်လမြိုင်ကျော်ကျော်မိသားစုစာပေတိုက် ပြန်လည်ဖွင့်လှစ်၊ အနုပညာ ကွန်ပျူတာ ဒီပလိုမာသင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်၊ ဧရာဝတီတိုင်းအတွင်း စည်ပင်သာယာအရပ်ရပ်လိုင်စင် လေလံဆွဲသူများနှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့တွေ့ဆုံ၊ တပေကုလားတွင် မူလတန်းလွန်ကျောင်းဖွင့်ပြီ၊ ဧရာဝတီတိုင်းတွင် နှစ်စဉ် ငါးပုစွန်ထုတ်လုပ်မှုစံချိန်မြင့်တက်၊ Earthquake Engineering Course II ဖွင့်လှစ်မည်၊သတင်းစာဆရာ စာရေးဆရာချစ်စံဝင်း ဘာသာရပ်ဆိုင်ရာ ဟောပြောမည်။ အရောင်းသွက်လာတဲ့ ခြင်ဆေးခွေ၊ အရောင်ကောင်းပေမယ့် ခိုးထုပ်နဲ့မိခဲ့တဲ့ ဖောက်ထွင်းသမားများ၊ မြန်မာ့အာမခံလုပ်ငန်း ပညာပေးစာအုပ်ထုတ်၊ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ငါးလိပ်ကျောက်အရေခွံများတင်ပို့၊ တာဝန်သိပြည်သူ သတင်းပေး၊ ရဲဘက်ပြေး ဖောက်ထွင်းတရားခံ ရက်ပိုင်းအတွင်းဖမ်းမိ စသည့် ပြည်တွင်းသတင်းများကဏ္ဍနှင့် ဆရာမောင်ဆုရှင်၏ ဆောင်းပါး၊ မြတ်ကလောင်၏ ဆောင်းပါး၊ ဆရာကြီးအီကြာကွေး၏ ဆောင်းပါး၊ ဆရာရဲမြင့်ဦး၏ဆောင်းပါး၊ ဆရာဆောင်းဝင်းလတ်၏ ဆောင်းပါး၊ ဆရာမောင်တည်ငြိမ်၏ ဆောင်းပါး၊ ဆရာမောင်မောင်မျိုးမင်း၏ဆောင်းပါး၊ သတင်းစာဆရာ စာရေးဆရာဦးချစ်စံဝင်း၏ မျက်နှာဖုံးဆောင်းပါးနှင့် ဆရာကိုရွှေတောသား၏ ဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားသည်။

ထို့ပြင် လွယ်အိတ်ကြီးစာအုပ်စင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာသတင်း ပဒေသာကဏ္ဍနှင့် ပရိသတ်အကြိုက် အားကစားကဏ္ဍများလည်း ပါဝင်ဖော်ပြထားသည်။

ဂျာနယ်သို့ သတင်းနှင့်ဆောင်းပါး၊ စာမူများပေးပို့လိုပါက တာဝန်ခံအယ်ဒီတာ၊ အမှတ်(၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁–၅၅၄၁၉၆ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းဘဲတန်း အထက(၃)၌ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဘဲတန်းမြို့နယ်ရုံးက နယ်လှည့်စာ ကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲ နှင့်စာဖတ်ဝိုင်းကို စက်တင်ဘာ ၁၂ရက်က အထက(၃) ပန်းဘဲတန်းကျောင်းခန်းမ၌ကျင်းပရာ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို အထက(၃) ကျောင်းအုပ်ဆရာကြီး ဦးထန်ရှင်းမုန်နှင့် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်မြသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

၎င်းနောက် ပြန်/ဆက်ဦးစီးမှူး ဒေါ်မြသန်းက "ရည်မှန်းချက်ရှိရမည်" ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဆက်လက်၍ စာဖတ်ဝိုင်းကျင်းပရာ စာရေးဆရာချစ်နိုင် (စိတ်ပညာ)၏ "အကြီးအမှူးဖြစ်စေတတ်သောတရား" ဆောင်းပါးကို န၀မတန်းမှ မောင်ဖြိုးကိုကိုကလည်းကောင်း၊ "မှတ်ဉာဏ်ကောင်းရန်မခက်ပါ" ဆောင်းပါးကို န၀မတန်းမှ မောင်ကျော်ဇင်ဝင်းကလည်းကောင်း ဖတ်ကြားကြပြီး မြို့နယ်ဦးစီးမှူးက သုံးသပ်ဆွေးနွေးခဲ့သည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (မြို့နယ်ပြန်/ဆက်)

ရန်ကုန်အဝေးသင်တက္ကသိုလ် ပထမအသုတ်စာစစ်ဌာနများကြေညာ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၇ခု ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၅ ရက်မှ ၁၂ ရက်အထိ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ဖော်ပြပါ အဝေးသင်ဌာနခွဲအသီးသီး၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် (သိပ္ပံအထူးပြု) ကျောင်းသား၊ ကျောင်းသူအားလုံးသည် မိမိတို့နှင့်သက်ဆိုင်သော အဝေးသင်ဌာနခွဲများဖြစ်သည့်တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ် ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်၊ ဒီဂရီကောလိပ်ဌာနခွဲများ၌ ကြေညာထားမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများကြေညာ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၇ခု ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၆ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၆ ရက်အထိလည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟသ်ာတ တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ် တက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ဖော်ပြပါ အဝေးသင်ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ(မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်းနှင့် စီးပွားရေးအထူးပြုနှင့် စီးပွားရေးပေါင်းစပ်ဘာသာရပ်မှအပ)နှင့် စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်သော အဝေးသင်ဌာနခွဲများတွင် အနီးကပ်ပို့ချ သင်တန်းများတက်ရောက်ပြီး အဆိုပါဌာနခွဲရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ပင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်၊ ဒီဂရီကောလိပ် ဌာနခွဲများတွင် ကြေညာထားမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်အဝေးသင်တက္ကသိုလ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများ ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၇ခုပညာသင်နှစ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၉ ရက်မှ ၁၈ ရက်အထိလည်းကောင်း၊ အတန်းတင် စာမေးပွဲများကို နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိလည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

အနီးကပ်ပို့ချသင်တန်းများ

ဖော်ပြပါ အဝေးသင်ဌာနခွဲအသီးသီး၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြုနှင့် စီးပွားရေးပေါင်းစပ်ဘာသာရပ်များ၊ မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်းအထူးပြုကျောင်းသား၊ ကျောင်းသူများသည် မိမိတို့နှင့်သက်ဆိုင်သော အဝေးသင်ဌာနခွဲများ၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ပင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ် ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်၊ ဒီဂရီကောလိပ် ဌာနခွဲများ၌ ကြေညာထားမည်ဖြစ်သည်။ (သတင်းစဉ်)

သန့်–တည်–ပွား အဓိဋ္ဌာန် တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၅

ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်း–တည်တံ့–ပြန့်ပွားရေးအဖွဲ့ (သန့်–တည်–ပွား)၏ (၂၆)ကြိမ်မြောက် ကိုးရက်အဓိဋ္ဌာန်တရားစခန်းကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင်(၅)ရပ်ကွက် မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံ၌ အောက်တိုဘာ ၃ရက်မှ ၁၁ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများအနေဖြင့် ရုံးအဖွဲ့ဖုန်း–၀၁–၃၈၂၁၁၁၊ ၇၂၇၂၃၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းကြရန်နှင့် စက်တင်ဘာ ၃၀ရက်တွင် တိပိဋကဓမ္မရက္ခိတဗိမာန်တော် [ရွှေတိဂုံဘုရား အရှေ့ဘက်၊ အမှတ်(၁၅)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်] သို့ လူကိုယ်တိုင်လာရောက် သတင်းပို့ကြရန်ဖြစ်ပြီး စခန်းဝင်မည့်ယောဂီများအတွက် ငါးဆူတောင်ရှိ ရိပ်သာသို့အကြိုအပို့စီစဉ်ပေးမည်ဖြစ်သည်။ ရန်ကုန်မြို့တွင်းတရားပွဲများနှင့် အဓိဋ္ဌာန်တရားစခန်းများဖွင့်ပါက အဖွဲ့ကလိုအပ်သလို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ (က–ပ)

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်

(ကြေညာချက်)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ၂၀၀၆–၂၀၀၇ခုနှစ် ဘုရားပွဲတော်ကာလအတွင်း သိမ်းဆည်းထားသည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၁–၁၀–၂၀၀၇ရက်နေ့ ရုံးချိန်အတွင်း ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံး ကင်ပွန်းစခန်း၌ တင်ဒါလက်ခံမည်ဖြစ်ပြီး ၂–၁၀–၂၀၀၇ရက်နေ့ နံနက် ၁၀နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်–

၁။ ရွှေလှောင်စက္ကူ (မြေခွံအိတ်ဖြင့်)=၁၁၉အိတ်
၂။ ကန်မြေ (မြေခွံအိတ်ဖြင့်)=၅၉အိတ်
၃။ သုတ်ဖတ်(ကြောင်ချေး) (မြေခွံအိတ်ဖြင့်)=၄အိတ်
၄။ ရွှေပန်းချီအသုံးပြုသည့် အင်္ကျီ၊ ပုဆိုးလက်သုတ်ပဝါ=၁ထုပ်

ကျိုက်ထီးရိုးစေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကင်ပွန်းစခန်း

လမ်း/တံတား ပြင်ဆင်ထိန်းသိမ်းခြင်းနှင့်အသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းလျက်ရှိသည့် လမ်းများအနက် လမ်း(၈၂)လမ်း (ပေ ၁၈၀အထက် တံတားများအပါအဝင်)ကို တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ပါသည်။

	လမ်း	တံတား
(က) ကချင်ပြည်နယ်	(၃)လမ်း	(၂)စင်း
(ခ) ကယားပြည်နယ်	(၃)လမ်း	–
(ဂ) ကရင်ပြည်နယ်	(၃)လမ်း	–
(ဃ) ချင်းပြည်နယ်	(၂)လမ်း	(၁)စင်း
(င) စစ်ကိုင်းတိုင်း	(၆)လမ်း	(၂)စင်း
(စ) တနင်္သာရီတိုင်း	(၄)လမ်း	(၂)စင်း
(ဆ) ပဲခူးတိုင်း	(၁၀)လမ်း	(၁)စင်း
(ဇ) မကွေးတိုင်း	(၅)လမ်း	–
(ဈ) မန္တလေးတိုင်း	(၃)လမ်း	(၁)စင်း
(ည) မွန်ပြည်နယ်	(၃)လမ်း	–
(ဋ) ရခိုင်ပြည်နယ်	(၂)လမ်း	(၁၅)စင်း
(ဌ) ရန်ကုန်တိုင်း	(၅)လမ်း	(၄)စင်း
(ဍ) ရှမ်းပြည်နယ် (အရှေ့ပိုင်း)	(၂)လမ်း	–
(ဎ) ရှမ်းပြည်နယ် (တောင်ပိုင်း)	(၇)လမ်း	(၁)စင်း
(ဏ) ရှမ်းပြည်နယ်(မြောက်ပိုင်း)	(၄)လမ်း	(၁)စင်း
(တ) ဧရာဝတီတိုင်း	(၂၀)လမ်း	(၈)စင်း

၂။ အခြားလုပ်ကိုင်လိုသည့် လမ်းများရှိပါကလည်း လုပ်ကိုင်ခွင့်ပြုရန် တင်ပြလျှောက်ထားနိုင်သည်။

၃။ ပြည်နယ်/တိုင်းအတွင်းရှိ ဒေသခံတိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဦးစားပေးမည်။ လုပ်ကိုင်လိုသူများသည် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်းအင်ဂျင်နီယာမှူးကြီးရုံးများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တယ်လီဖုန်းနံပါတ် – ၀၆၇–၄၀၇၀၇၀
၀၆၇–၄၀၇၅၈၀
၀၆၇–၄၀၇၀၇၇

ဦးဆောင်ညွှန်ကြားရေးမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ဖြူးမြို့ ရွှေကျင်မြောက်ကျောင်း တရားစခန်းသိမ်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

ဆဋ္ဌမအကြိမ်မြောက် ဖြူးမြို့ ရွှေကျင်မြောက်ကျောင်း မိုးကုတ်ဝိပဿနာ တရားစခန်းသိမ်းပွဲကို စက်တင်ဘာ ၂၃ ရက် ညနေနာရီကအဆိုပါတရားစခန်း၌ကျင်းပရာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓက ဩဝါဒကထာချီးမြှင့်ပြီး တရားစခန်းပင်တိုင်ကမ္မဋ္ဌာနာစရိယ တရားပြဆရာ ဦးသန်းစိုး (နာရဏသိမ်တော်၊ပဲခူး) က ဆုံးမစကားပြောကြားသည်။ ယင်းနောက်တရားစခန်းကော်မတီဥက္ကဋ္ဌဦးသက်စိန်က စခန်းသိမ်းနှုတ်ခွန်းဆက်စကား ပြောကြားပြီး ယောဂီများကိုယ်စား ဗိုလ်မှူးမျိုးညွန့်(ငြိမ်း)ရန်ကုန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

သတ္တမအကြိမ်မြောက် တရားစခန်းကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဘုန်းတော်ကြီးကျောင်းများသို့ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲများ ကျင်းပ

လားရှိုး စက်တင်ဘာ ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့၊ ကန်မိန်းကျောင်းတိုက်၌ ကျင်းပရာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ချယ်ရီ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ အရေပြားနှင့်အထွေထွေရောဂါကုသမားတော်ကြီးများ၊ ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာထွန်းသန်းဦးနှင့်အဖွဲ့က ဆရာတော်၊ သံဃာတော်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာ နန်းကိန်ဖောင်းတစ်က ကျန်းမာရေးဆိုင်ရာများ ပညာပေး ဟောပြောသည်။

အဆိုပါ ကန်မိန်းကျောင်းတိုက်၌ သံဃာတော်၁၅၂ပါးအား ကျန်းမာရေး စစ်ဆေးပေးခဲ့ပြီး အဖွဲ့နာယက ဒေါ်ချယ်ရီက ကျောင်းထိုင် ဆရာတော်ကြီးထံ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရှိရသည်။ **(အပေါ်ပုံ)**

အလားတူ စက်တင်ဘာ ၁၅ ရက်က ရန်အောင်မြင်ကျောင်းတိုက်ရှိ သံဃာတော် ၆၂ ပါးတို့အား လည်းကောင်း၊ မန်ဆူရှမ်းကျောင်းရှိ သံဃာတော် အပါး ၈၀တို့အားလည်းကောင်း၊စက်တင်ဘာ ၁၇ ရက်က လားရှိုးမြို့၊ မြို့လယ်ကျောင်းရှိ သံဃာတော် အပါး၁၈၀တို့အားလည်းကောင်း၊ မန်ဆူဘုရားကြီးကျောင်းရှိသံဃာတော်၆၇ပါးတို့အားလည်းကောင်း ကျန်းမာရေး စစ်ဆေးမှုများ၊ ကျန်းမာရေးပညာပေး ဟောပြောပွဲများကျင်းပခဲ့ကြပြီး ကျောင်းထိုင် ဆရာတော်ကြီးများထံသို့ အဖွဲ့နာယက ဒေါ်ချယ်ရီက ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ဟောပြောပွဲနှင့်စာဖတ်ဝိုင်းအခမ်းအနားကို စက်တင်ဘာ ၁၈ရက်က (၅၆)ရပ်ကွက် အမက (၈) စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝင်းက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအကြောင်း ဟောပြောပြီး ဆရာမ ဒေါ်တင်တင်သန်းက ချစ်နိုင် (စိတ်ပညာ)၏ အကြီးအမှူးဖြစ်စေတတ်သော စာအုပ်မှ မှတ်ဉာဏ်ကောင်းစေရန်မခက်ပါ ဆောင်းပါးကို လည်းကောင်း၊ ဆရာမ ဒေါ်ငယ်က စက်တင်ဘာ ၁ ရက်ထုတ် ဒို့ကျေးရွာဂျာနယ်မှ စာတည်းမှူး၏ အစကောင်းခဲ့သည် ခေါင်းကြီးကိုလည်းကောင်း ဖတ်ကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(အပေါ်ပုံ)**

(မြို့နယ်/ပြန်ဆက်)

မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ကျေးရွာ/ရပ်ကွက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း အနိုင်ရဗိုလ်စွဲသွားသည့် ဖက်တန်းရပ်ကွက် ဘောလုံးအသင်းအား ဆုချီးမြှင့်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ရွှေ လက်ခံယူစဉ်။ (မြို့နယ်အား/ကာ)

မင်္ဂလာနှစ်ပတ်လည်နှင့် မွေးနေ့ဆုတောင်း

ချစ်ဖေဖေ ဦးဇော်ထွင်၏ ၂၆–၉–၂၀၀၇ရက်(တော်သလင်းလပြည့်နေ့တွင်) ကျရောက်သော ၄၁နှစ်ပြည့်မွေးနေ့နှင့် ချစ်ဖေဖေဦးဇော်ထွင်နှင့်ချစ်မေမေဒေါ်ဇင်ဇင်မော်တို့၏ ၂၄–၁၁–၂၀၀၇ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင်ကျရောက်သော ၁၈နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာပျော်ရွှင် ချမ်းမြေ့ပြည့်စုံအောင်မြင်သောဘဝကို မိသားစုနှင့်အတူပိုင်ဆိုင်လျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီး–မဇင်ဆုလာဘ်ဇော်
ချစ်သား–မောင်ကောင်းခန့်ဇော်(အထက–၃၊ ပဲခူး)

ဟုမ္မလင်းမြို့၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

ဟုမ္မလင်း စက်တင်ဘာ ၁၀

ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဌာန ဝန်ထမ်းများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ် နှိမ်နင်းရေးအတွက် အဖွဲ့ပိုင်မြို့မဈေး၊စာသင်ကျောင်းများ၊ ဆေးရုံနှင့်လူနေရပ်ကွက်များအတွင်း ဒုဦးစီးမှူး (အခွန်)ဦးကြည်ထွေး ဦးဆောင်၍ စက်တင်ဘာ၉ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါလုပ်ငန်းခွင်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်ကျော်မျိုးတို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။**(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ဓမ္မဗိမာန်တော် တည်ဆောက်ရေးငွေလှူ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင်သန်လျင်မြို့ အောင်ချမ်းသာတိုးချဲ့မြို့ဦး စက်ပစ်ကွင်းကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသည့်ဇေယျသုခမင်္ဂလာ နှစ်ထပ်ဓမ္မဗိမာန်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို ယမန်နေ့နံနက်က ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ နှစ်ဖက်သောမိဘများအား အမှူးထား၍ဦးမျိုးခင်(သီရိသုခမ္မသီဇီ)–ဒေါ်သူဇာမင်း၊ သား အောင်ကျော်ခိုင်၊ မျိုးကျော်ခိုင် (ခိုင်ဆုသုကုမ္ပဏီ)မိသားစုတို့က ဓမ္မဗိမာန်တော်ကြီးအမိုးအတွက် ပထမအကြိမ်လှူဒါန်းငွေကျပ် ၃၃သိန်းကိုပေးအပ်လှူဒါန်းရာ ကျောင်းတိုက် သာသနာ့နုဂ္ဂဟအဖွဲ့က လက်ခံယူသည်။ ယင်းနောက် ကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တတေဇ (ဒုတိယဥက္ကဋ္ဌမြို့နယ်သံဃနာယကအဖွဲ့) က ရေစက်ချတရား ချီးမြှင့်သည်။

သန်လျင်မြို့ အောင်ချမ်းသာမြို့ဦး စက်ပစ်ကွင်းကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသည့် ဇေယျသုခမင်္ဂလာ နှစ်ထပ်ဓမ္မဗိမာန်တော်ကြီးအတွက် အလှူရှင်များအနေဖြင့် ကျောင်းတိုက်ဖုန်း–၀၅၆–၂၁၆၃၈ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၂၇)

မြစ်ရေကြီးမှုအခြေအနေသတင်း

နေပြည်တော် စက်တင်ဘာ ၂၅

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၄၂၃ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈၁စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဥတုရာသီ တောကို မှီ၏

ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh Limited **တို့သည် မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ဒေသ ရေနက်ပိုင်းလုပ်ကွက်** AD-2, AD-3 **နှင့်** AD-9**တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ** (Production Sharing Contracts)**ကို စက်တင်ဘာ၂၃ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။**

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ရှေ့နေချုပ်ဦးအေးမောင်၊ အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနဝန်ကြီး H.E. Mr. Murli S.Deora၊ အတွင်းဝန် H.E. Mr. M.S Srinivasan၊ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra၊ ဒုတိယဝန်ကြီးများ၊ ONGC Videsh Limited မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ**စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪**

ခွင့်ပြုမိန့်ပေးအပ်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ONGC Videsh Limited **မှ** Managing Director Mr.R.S,Butola **ထံ ပေးအပ်စဉ်။** (သတင်းစဉ်)



အေးချမ်းစွာ တရားဓမ္မရှာဖွေ သီတင်းသုံးလိုကြသော သံဃာတော်များနှင့် ပြည်သူအများက ပြည်တွင်းပြည်ပအဖျက်အမှောင့်သမားများနှင့် မုသာဝါဒပြည်ပအသံလွှင့်ဌာနများ၏ သွေးထိုးလှုံ့ဆော်မှုများကို မလိုလား

☆ မိုးလုံးပြည့်မုသာဝါဒများကို စဉ်ဆက်မပြတ် ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနကြီးတစ်ခုက ပခုက္ကူသံဃာလူပ်ရှားမှုဖြစ်စဉ်နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခန်းဆိုပြီး ထုတ်လွှင့်ရာတွင် မန္တလေးရှိ သံဃာတော်အရှင်မြတ်အပေါင်းတို့ကိုလည်း ဆက်လက်၍လှုပ်ရှားပေးရန်ပြောချင်ကြောင်း၊ တိုက်ပွဲဝင်ရန် တိုက်တွန်းချင်ပါကြောင်းဖြင့် သံဃာလှုပ်ရှားမှု အရှိန်မြင့်လာစေရန် လှုံ့ဆော်မှုများ ဖန်တီးထုတ်လွှင့်ခဲ့သည်၊

☆ ထို့အတူ အထက်မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံ ဒေသများတွင် သီတင်းသုံးနေတော်မူကြသည့် အချို့သောဆရာတော်ကြီးများထံသို့လည်း သံဃာလှုပ်ရှားမှုများကို အားပေးပါရန်နှင့် သံဃာများအား လှုပ်ရှားမှုများတွင် ပါဝင်ခွင့်ပြုပေးပါရန် တယ်လီဖုန်းများဖြင့် လျှောက်ထားမှုများ ပြုလုပ်လျက်ရှိသည်။

☆ အေးချမ်းစွာ တရားဓမ္မ ရှာဖွေသီတင်းသုံးလိုကြသော သံဃာတော်များကမူ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများ၊ မိုးလုံးပြည့် မုသာဝါဒ ပြည်ပအသံလွှင့်ဌာနများက ယခုကဲ့သို့ မြန်မာနိုင်ငံတွင် ဆူပူအကြမ်းဖက်မှုများဖြစ်လာအောင် သွေးထိုးလှုံ့ဆော်မှုများကို လိုလားမှုမရှိကြကြောင်းနှင့် ပြည်သူအများအနေဖြင့်လည်း မတည်ငြိမ်မှု၊ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားလာပါက မိမိတို့၏အလုပ်အကိုင်၊ စားဝတ်နေရေး၊ လူမှုရေးတို့ကို ထိခိုက်ပျက်ပြားလာနိုင်သဖြင့် ထိုသို့သော ဆူပူလှုပ်ရှားမှုများကို လိုလားမှုမရှိကြကြောင်း သိရသည်။

အနာဂတ်အတွက်ပါ ကြိုပြီးတွေးခေါ်မြော်မြင်စဉ်းစားပြီးလုပ်ပေးနေတာ ဘယ်လိုပဲကြည့်ကြည့် မြင်သာ

ဒီနေ့တပ်မတော်အစိုးရခေတ်မှာ အရင်နှစ်ခေတ်နဲ့ ဘာမှမဆိုင်အောင်တိုးတက်လာတာတော့ အမှန်ပဲ။ ဒီနေ့ပစ္စုပ္ပန်အခြေအနေပဲကောင်းနေတာလားဆိုတာတော့ မဟုတ်သေးဘူး။ အနာဂတ်အတွက် အာမခံချက်ပေးထားပြီး အနာဂတ်အတွက်ပါကြိုပြီးတွေးခေါ် မြော်မြင်စဉ်းစားပြီး လုပ်ပေးနေတာ ဘယ်လိုပဲကြည့်ကြည့် မြင်သာပါတယ်။

ကျော်မင်းလူ (ရွှေပြည်သာ)၏ "ယနေ့မြန်မာ့နိုင်ငံရေးမြင်ကွင်းမှ အမှန်နှင့်အမှားများ(၁)" (ဆောင်းပါး) စာမျက်နှာ ၈-၉